# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၄၉)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့။


ကျွန်တော်တို့ ဗမာပြည်ရဲ့အရေးဟာ ဗမာပြည်သူပြည်သားတွေ ခေါင်းဆောင်တဲ့သူတွေ ညီညွတ်စွာနဲ့လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော် ခေါင်းဆောင်နေတဲ့ တပ်မတော်ကလည်း ယုံကြည်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတဦးသိန်းစိန် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံအားကစားရုံ(ဘီ)နှင့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်သော အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံအားကစားရုံ(ဘီ)၌ ကျင်းပပြုလုပ်သည့် ပိုက်ကျော်ခြင်း အမျိုးသား(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ *စာမျက်နှာ ၃ ကော်လံ ၅* ✻

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆီမီးဖိုင်နယ် ဘောလုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## ပညာရေးလှိုင်းထန်ထစေ

*ဆောင်းပါး*

*စာမျက်နှာ » ၆*

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က အကြံပြုချက်များ ပေးပို့

*စာမျက်နှာ » ၇*

## ရုရှားက အီရန်ကို နောက်ဆုံးပေါ် လေကြောင်းရန်ကာကွယ်ရေး ဒုံးစနစ်ကို ကမ်းလှမ်း

*စာမျက်နှာ » ၁၀*




သတင်း-မောင်မောင်မြင့်ဆွေ

## ဟိုတယ်အခြေခံ ဝန်ဆောင်မှုလုပ်ငန်း ဆွစ်ဇာလန်က အခမဲ့သင်ကြားပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဆွစ်ဇာလန်နိုင်ငံက မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများပေးလျက်ရှိသည်။ အကူအညီများပေးရာတွင် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ်များလည်းပါဝင်ရာ လူငယ်များဟိုတယ်လုပ်ငန်းများ တတ်မြောက်စေရန် အခမဲ့သင်ကြားပေးတော့မည်ဖြစ်သည်။

လူငယ်များအား ဟိုတယ်လုပ်ငန်းလေ့ကျင့်ရေးကနဦးဆောင်ရွက်မှုအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖောင်ဒေးရှင်း (Swisscontact) တို့ ဖေဖော်ဝါရီ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ မကြာမီ အကောင်အထည်ဖော်တော့မည်ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❐



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စာဖတ်ခြင်းအစ ကျောင်းစာကြည့်တိုက်က

လူတစ်ဦးတစ်ယောက်အနေဖြင့် အသိမှန်၊ အမြင်မှန်ပါမှ ဆုံးဖြတ်ချက်မှန်ကန်ပြီး လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းများ မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ဤသို့ အသိမှန်၊ အတွေးမှန်ခြင်း၏ ပင်မရေသောက်မြစ်သည် ဗဟုသုတ နှင့် အတွေ့အကြုံများပင်ဖြစ်ပါသည်။ ဤသို့ ဗဟုသုတအဖုံဖုံ ကို ပေးစွမ်းနိုင်သောနေရာများသည်ကား စာကြည့်တိုက်များနှင့် စာအုပ်စာစောင်များပင်ဖြစ်ပါသည်။

စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ရန် အကောင်းဆုံးနေရာများသည်ကား ကျောင်းစာကြည့်တိုက်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စုစုပေါင်း ကျောင်းပေါင်း လေးသောင်းကျော်ရှိကြောင်း သိရပါသည်။ ယင်းတို့တွင် အခြေခံပညာအထက်တန်းကျောင်းတိုင်းတွင် သင်ကြားသင်ယူမှု ထိရောက်အောင်မြင်ရေးအတွက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရပါသည်။ အခြေခံပညာအထက်တန်းကျောင်းတိုင်းတွင် ကျောင်းစာကြည့်တိုက်များအပြင် ကွန်ပျူတာ Lab ခန်းများ လည်းရှိပါသည်။

သို့သော် စာဖတ်တတ်သည့် အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ဆွဲဆောင်နိုင်မှု အားနည်းခြင်း၊ ကွန်ပျူတာ Lab ခန်းများ ပျက်စီးမည်စိုး၍ ပိတ်ထားခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများ၏ စာဖတ်တတ်သည့် အလေ့အကျင့် ကောင်းများ တိုးတက်မှုအားနည်းလျက်ရှိပါသည်။ စာဖတ်အောင် တိုက်တွန်းမှု များများပြုလုပ်ဖို့လိုပါသည်။ ကွန်ပျူတာခန်းများတွင် အင်တာနက်၊ ဝိုင်ဖိုင်အစရှိသည့် ကွန်ရက်များ ချိတ်ဆက်လျက် လွတ်လပ်စွာ အသုံးပြုခွင့်ပေးဖို့လိုပါသည်။ သို့မှသာ စာဖတ်ခြင်း အလေ့အထ များ တိုးတက်လာမည်ဖြစ်ပါသည်။

ကျောင်းစာဖတ်ခန်း၊ စာကြည့်တိုက်များတွင် နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့် မဂ္ဂဇင်းများ ဝယ်ယူ ဖြည့်တင်းပေးလျက် ကျောင်းသား ကျောင်းသူတိုင်း စာဖတ်နိုင် အောင် စီစဉ်ထားဖို့လိုပါသည်။ အခြေခံပညာမူလတန်း၊ အလယ် တန်းနှင့် အထက်တန်းကျောင်းတိုင်း၌ ကျောင်းသား ကျောင်းသူ များ၏ အသက်အရွယ် အတန်းနှင့်လိုက်ဖက်သော စာအုပ်စာပေများ ထားရှိပေးသင့်ပါသည်။ ကလေးများ စာဖတ်ခြင်း အလေ့အထကို အခြေခံပညာကျောင်းများမှ စတင်မည်ဆိုပါက စာပေဝါသနာထုံ သော လူငယ်များ တိုးပွားလာမည်ဖြစ်ပါသည်။

သို့ပါ၍ ကျောင်းစာကြည့်တိုက်များသည် စာဖတ်ခြင်း အလေ့အထကောင်းကို ပြုစုပေးနိုင်သည့်နေရာဖြစ်ခြင်းကြောင့် ကျောင်းတိုင်းကျောင်းတိုင်း၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးစေပြီး စာဖတ်ခြင်း အလေ့အထကို ပြုစုပျိုးထောင်သွားရန် အလေးထား ဆောင်ရွက်သင့်ပေကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု နှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်



**မော်လမြိုင် ဖေဖော်ဝါရီ ၂၅**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမည ဇာနည်ခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အဆိုပါသင်တန်းတွင် မွန်ပြည် နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး သောင်း ဝင်းက ရွေးကောက်ပွဲတွင် တွေ့ကြုံ ရမည့် အခြေအနေများနှင့် ရဲတပ်ဖွဲ့ ၏ အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည့် လုံခြုံရေးကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းသို့ မော်လမြိုင်နှင့် သထုံခရိုင်တို့မှ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဒုတိယရဲမှူး များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သတင်းမီဒီယာများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **သိန်းလှိုင်(မော်လမြိုင်)**

# မိုင်းထိအပြစ်မဲ့ပြည်သူတစ်ဦးအား နယ်မြေခံစစ်ဗျူဟာမှူးက ကြည့်ရှု အားပေးထောက်ပံ့



**မိုးကုတ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းလုံးမြို့နယ် ကွမ်း မောက်ကျေးရွာနေ ဦးစံသောင်းသည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက တောထဲသို့ ထင်းခုတ်သွားရာမှ သောင်းကျန်းသူများ ထောင်ထား သည့် မိုင်းနင်းမိသဖြင့် ဝဲဘက်နံရိုး အောက်၊ ဝဲဘက်ဒူး၊ ယာဘက်လက်ဖျံ၊ ယာဘက်လက်သန်းကြွယ်တို့တွင် မိုင်း စထိမှန်ဒဏ်ရာတို့ဖြင့် မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ရောက်ရှိ ဆေးကု သခံယူလျက်ရှိကြောင်း သိရသည်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အမှတ်(၃)စစ်ဗျူဟာအဖွဲ့မှ ယာယီ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး နေစိုးအေးနှင့်အဖွဲ့သည် မိုးကုတ် မြို့နယ် ပြည်သူ့ဆေးရုံကြီး ပြင်ပ လူနာဌာနတွင် မိုင်းထိဒဏ်ရာရသူ ကို သွားရောက်ကြည့်ရှုအားပေး ၍ ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခဲ့သည်။

မိုင်းထိဒဏ်ရာရရှိသူနှင့် အတူ မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိနေသူ ဦးအောင်မြင့်က "အရင်ကလည်း ကျွန်တော်တို့ရွာ တွေဘက်မှာ ကျောင်းထားတဲ့ ကျွဲ၊ နွားတွေ၊ တောသွားတဲ့လူတွေဟာ သောင်းကျန်းသူတွေ ထောင်ထားတဲ့ မိုင်းနင်းမိလို့ အဖြစ်ဆိုးတွေကြုံရဖူး ပါတယ်။ စံသောင်းကရွာနဲ့ တစ်နာရီ လောက် လမ်းလျှောက်ရတဲ့နေရာကို ထင်းခုတ်သွားရင်း သောင်းကျန်းသူ တွေ ထောင်ထားတဲ့မိုင်းနင်းမိလို့ ဗိုက် မှာရော၊ ခန္ဓာကိုယ်မှာပါ ဒဏ်ရာတွေ ရရှိတာပါ။ ရွာနဲ့ကလည်းမနီးမဝေး ဆိုတော့ တော်တော်ကြာမှ ရွာထဲက လူတွေတွေ့ပြီး ရွာကိုပြန်ခေါ်လာတာ ပါ။ ရွာမှာရောက်နေတဲ့ တပ်မတော် စစ်ကြောင်းက ဆေးတပ်သားတွေ ဆေးအရင်ကုသပေးတဲ့အတွက် ကျွန် တော်တို့ရွာနဲ့ အလှမ်းဝေးလှတဲ့ မိုး ကုတ်ရောက်တဲ့အထိ လူနာအသက် ရှင်ရတာပါ၊ အခုလိုမိုးကုတ်မြို့မှ စစ်ဗျူဟာမှူးကြီးက လာရောက်ကြည့် ရှု အားပေးပြီး ဆေးကုသစရိတ်နဲ့ ပစ္စည်းတွေ လာရောက် ထောက်ပံ့ ပေးတဲ့အတွက် အထူးကျေးဇူးတင် ပါတယ်" ဟု ပြောသည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိသူ ကို မိုးကုတ်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မျိုးလှိုင်နှင့် ဆရာဝန် များက အထူးကြပ်မတ်ဆေးကုသပေး လျက်ရှိကာ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ခွဲစိတ်ကုသ၍ လိုအပ်သော ဆေးကုသမှုခံယူခဲ့ပြီး မိုင်းထိဒဏ်ရာရသူ ဦးစံသောင်းမှာ အသက်အန္တရာယ် မစိုးရိမ်ရအခြေ အနေဖြင့် မိုးကုတ်မြို့ ပြည်သူ့ဆေးရုံ ကြီးတွင် ဆက်လက်ဆေးကုသမှုခံယူ လျက်ရှိကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

နိုင်ငံ့တာဝန် ကျေပွန်အောင်
ကျသင့်အခွန် မှန်မှန်ဆောင်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၅ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၃၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၂၀၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၄၇၅-၁၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၆၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၅၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိ နိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ ရိုက်ကူးသည်။

ပြည်တွင်းသတင်း

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata နှင့်ဇနီး၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဒုတိယသမ္မတနှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဝင်းမြင့်၊ ဦးထင်အောင်၊ ဒေါက်တာစိုင်းကျော်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**



**✱ ရှေ့ဖုံးမှ**

ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်သော ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်ဘောလုံးအသင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရခိုင်ပြည်နယ်အသင်းက အနိုင်ရရှိကာ ပထမဆုကို ဆွတ်ခူးသွားသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်ဘောလုံးအသင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲစဉ်သို့ တက်ရောက်သွားကြသည်။ **(သတင်းစဉ်)**

**■ ကျောဖုံးမှ**

မစ္စတာ ပရာယုဒ်ချန်အိုချာနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအစိုးရများအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နှစ်နိုင်ငံနယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ထိုင်းနိုင်ငံတွင်းရှိ မြန်မာနိုင်ငံရွှေ့ပြောင်းလုပ်သားများကိစ္စ၊ နှစ်နိုင်ငံခရီးသွားကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် Dusit Thani ဟိုတယ်၌ နေ့လယ်စာသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖစီကျရိန်မြို့ရှိ ဝပ်ပါ(က်)နန့်ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဆွမ်ဒေ့စ်ဖရ မဟာရတ်(ဇ်)မင်္ဂလာကျန်အား ဖူးမြော်ကြည်ညိုကာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သက်နီးအစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အပေါ်ထပ်ဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများ၊ ပညာတော်သင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး သံအမတ်ကြီး တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

# ယာယီသက်သေခံလက်မှတ်များအပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းလုပ်ငန်းများ စနစ်တကျဖြစ်စေရေး ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ယာယီ သက်သေခံလက်မှတ်များ သက်တမ်းကုန်ဆုံး အပ်နှံခြင်း စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဥပဒေနှင့်အညီ ထုတ်ပေးထားသော ယာယီသက်သေခံလက်မှတ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးက ဖေဖော်ဝါရီ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)ဖြင့် ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ အပ်နှံရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း၊ ထုတ်ပေးထားသော ယာယီသက်သေခံလက်မှတ်များသည် ယင်းအမိန့်ကြော်ငြာစာအရ မတ် ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ အပ်နှံခြင်းကို မေ ၃၁ ရက် နောက်ဆုံးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်၏ ဆောင်ရွက်ရန်နည်းလမ်းအဆင့်ဆင့်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ရေးသည် အဓိကအရေးကြီးကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ စနစ်တကျအပ်နှံရေး၊ ယင်းတို့နှင့် ပတ်သက်၍ နိုင်ငံသားဖြစ်မှုဆိုင်ရာ စိစစ်မှုလုပ်ငန်းဆောင်ရွက်ရေးတို့ကို လုပ်ငန်းစဉ်အဆင့်အလိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



မိုးပွင့်(အထူး) စီမံချက် လုပ်ဆောင်နေသကဲ့သို့ ယခု ယာယီ သက်သေခံလက်မှတ် အပ်နှံခြင်းနှင့် စိစစ်မှုခံယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကိုလည်း ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့်ပတ်သက်၍ အသေးစိတ် သိရှိနားလည်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် ကြီးကြပ်မှုကော်မတီဝင်များ သိရှိလိုက်ပါ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ထပ်ဆင့်ရှင်းလင်းချပြရန် လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအရ နိုင်ငံတော်အစိုးရက လေ့လာသုံးသပ် အကြံပြုရေးကော်မတီ ဖွဲ့စည်းပြီးပါက မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ယင်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း အကြံပြုချက်ရယူဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ယာယီသက်သေခံလက်မှတ်အပ်နှံခြင်း၊ စိစစ်မှုခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်တွင် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရမည့်နည်းလမ်း၊ ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆွေးနွေးရမည့် အချက်များကို လည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ပင်မလူဦးရေ ထုတ်ပြန်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# အတန်းတင်စာမေးပွဲများ ဖြေဆိုလျက်ရှိ

**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်ရှိ စတုတ္ထတန်းနှင့်အဋ္ဌမတန်း အစိုးရစစ်အတန်းတင်စာမေးပွဲကို မြန်မာတစ်နိုင်ငံလုံးနည်းတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ အထက၊ အထက(ခွဲ)၊ အလကတို့၌ ဖြေဆိုလျက်ရှိသည်။

"ကျွန်တော်တို့ ငါးသိုင်းချောင်းအထကမှာ ဝင်ရောက်ဖြေဆိုသူ စတုတ္ထတန်းမှာ ၅၀၀၊ အဋ္ဌမတန်းမှာ ၄၈၈ ဦးရှိပါတယ်၊ ပျက်ကွက်သူမရှိပါဘူး" ဟု ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းကပြောသည်။

**ရွှေသိမ်းအေး(ငါးသိုင်းချောင်း)**

# မြန်မာရင်းနှီးမြှုပ်နှံမှုထိပ်သီးဆွေးနွေးပွဲ လန်ဒန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံအတွင်းသို့ ယူနိုက်တက်ကင်းဒမ်းမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး၊ အဆိုပါနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို သိမြင်လာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား သိရှိနားလည်စေရေးကိုရည်ရွယ်၍ မြန်မာရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ (The Myanmar Investment Summit) ကို ဖေဖော်ဝါရီ ၂၄ ရက်က လန်ဒန်မြို့ရှိ Allen & Overy LLP ရုံးချုပ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် မြန်မာလုပ်ငန်းရှင်များ၊ ယူနိုက်တက်ကင်းဒမ်းမှ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနိုက်တက်ကင်းဒမ်းမှ အသိပညာပစ္စည်းဆိုင်ရာ ဝန်ကြီး Baroness Neville-Rolfe က အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးဆက်အောင်က မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် အစီအစဉ်အရ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်နိုင်သည့် အခြေအနေများကို လည်းကောင်း၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်တိုးတက်ရေးကို လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ အတွေ့အကြုံဖလှယ်ခြင်း အစီအစဉ်ကို လည်းကောင်း စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်သူများက မေးမြန်းချက်များအပေါ် သက်ဆိုင်သူများက အသေးစိတ် ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါ ဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းကြောင့် ယူနိုက်တက်ကင်းဒမ်းမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ပိုမိုသိရှိသွားခဲ့ပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုများစွာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယသမ္မတဦးညဏ်ထွန်းသည် နယ်သာလန်နိုင်ငံ ဟန်နီကန်ကုမ္ပဏီ နိုင်ငံတကာဆိုင်ရာ ပြင်ပဆက်သွယ်ရေးညွှန်ကြားရေးမှူး မစ္စတာ ဂျွန်ကလော့ခ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် ဦးချန်မောင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း နယ်သာလန်နိုင်ငံ ဟန်နီကန်ကုမ္ပဏီ နိုင်ငံတကာဆိုင်ရာ ပြင်ပဆက်သွယ်ရေးညွှန်ကြားရေးမှူး မစ္စတာ ဂျွန်ကလော့ခ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပိုမိုကင်းရှင်းစေရေးအတွက် ကာတွန်းဖြင့် လမ်းအသုံးပြုသူများ အမူအကျင့်ပြောင်းလဲစေရေး ပညာပေးအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပိုမိုကင်းရှင်းစေရေးအတွက် ကာတွန်းဖြင့်လမ်းအသုံးပြုသူများ အမူအကျင့်ပြောင်းလဲစေရေး ပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ Lake Garden ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အဖွင့်အမှာစကားပြောကြားရာ၌ ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူဦးရေသည် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း သိသိသာသာ များပြားလာသည်ကိုတွေ့ရှိရပါကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကိစ္စကို အရေးတကြီးအလေးထား မဆောင်ရွက်နိုင်လျှင် ယာဉ်ကြောင့်မတော်တဆမှုများလည်း များပြားလာနိုင်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းဆောင်ရွက်ပြီး ယင်းကြုံတွေ့လာနိုင်သည့် မတော်တဆမှုများကို ကာကွယ်တားဆီးနိုင်ရန် နည်းလမ်းများဆွေးနွေးနိုင်ကြမည်ဖြစ်ကြောင်း၊ ပြီးလျှင် ကာတွန်းပြိုင်ပွဲကျင်းပပြီး ထွက်ပေါ်လာသည့် ကာတွန်းများဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ လူထုပညာပေးလုပ်ငန်းများကို စတင်မည်ဖြစ်သည့်အတွက် မိမိအနေဖြင့်ကြိုဆိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။



ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland Koibia၊ Federation International de I'Automobile ၏ဥက္ကဋ္ဌ Mr.Jean Todt နှင့် HEINEKEN မှ အပြည်ပြည်ဆိုင်ရာ ပြင်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး Mr. John Clarke တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများဖြစ်သော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကိုဆွေးနွေးကြပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍတို့မှလည်း ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုရာတွင် ယာဉ်မောင်းသင်တန်းနှင့် လိုင်စင်ပြုလုပ်ခြင်းများ၊ ပညာပေးလုပ်ငန်းများ၊ ယာဉ်မောင်းများ တာဝန်မဲ့မူးယစ်မောင်းနှင်ခြင်း၊ လမ်း၊ တံတား၊ လမ်းအမှတ်အသားများကဲ့သို့ အခြေခံအဆောက်အအုံဆိုင်ရာ အနေအထားများနှင့် ယာဉ်ကြံ့ခိုင်ရေး စသည်တို့အားလုံးခြုံငုံထည့်သွင်း စဉ်းစားဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် HEINEKEN ကုမ္ပဏီ၏လုပ်ငန်းခွဲဖြစ်သော APB Alliance Brewery Co., Ltd. တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် မေလတွင် ကျရောက်မည့် UN Global Road Safety Week တွင်စတင်မည့် စည်းရုံးလှုံ့ဆော်မှု၌ ပြည်သူများ ယာဉ်နှင့်လမ်းအန္တရာယ်ဆိုင်ရာကိစ္စများတွင် ပိုမို အလေးထားလာစေရေးအတွက် ကာတွန်းများအသုံးပြု၍ ပညာပေးနိုင်ရန်ကျင်းပသည့် ကာတွန်းပြိုင်ပွဲသို့ အသက် ၁၈ နှစ် ပြည့်ပြီးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ကာတွန်းပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်နေသူများ၊ ကာတွန်းဆရာ အော်ပီကျယ်ကဲ့သို့သော ကာတွန်းပညာရှင်များပါဝင်သော ဆုရွေးချယ်ရေးကော်မတီက ဆုများကို ရွေးချယ်ပေးပြီး ဆုရရှိသူများက ကာတွန်းပညာရှင်များနှင့်တွဲဖက်ကာ စည်းရုံးလှုံ့ဆော်ရေးအတွက် အသုံးပြုမည့်ကာတွန်းဒီဇိုင်းများ ထပ်မံဖန်တီးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အလုပ်သမားများအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆို၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်

**ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ**
**ညှိနှိုင်းဆွေးနွေးရေးအဖွဲ့**
**သတင်းထုတ်ပြန်ချက် (၁/၂၀၁၅)**
**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်**
**၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်**

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများပါဝင်သော ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံအချို့မှ အလုပ်သမားအချို့၏ လုပ်ခလစာ တိုးမြှင့်ရလိုမှုနှင့် ပတ်သက်၍ ဆန္ဒပြတောင်းဆိုမှုများအပေါ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ရုံးထိုင်ကာ သက်ဆိုင်ရာစက်ရုံအသီးသီးမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ Moderator အဖြစ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးရာတွင် လုပ်ခလစာတိုးပေးရေးတောင်းဆို ဆန္ဒပြနေသောအလုပ်သမားများနှင့် အေးချမ်းစွာ အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအား ခွဲခြားမှုမထားဘဲ မိမိတို့၏သားသမီးအရင်းအချာများကဲ့သို့သဘောထားပြီး တူညီသောအခွင့်အရေးများရရှိစေရန် အလုပ်ရှင်များနှင့် အကြိမ်ကြိမ် ခက်ခက်ခဲခဲဖြင့် အလုပ်သမားများတောင်းဆိုသည့် လုပ်ခလစာရရှိရေးကို ဦးတည်ဆွေးနွေးခဲ့ပါသည်။

၃။ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ် (Negotiation Process) သည် သိမ်မွေ့နက်နဲပြီး စိတ်ရှည်သည်းခံကာ လိုရာရရှိစေရေး ဦးတည်ဆွေးနွေးရသည့် လုပ်ငန်းဖြစ်ပါသည်။ ယင်းသို့ အလုပ်ရှင်၊ အလုပ်သမားများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် အလုပ်သမားများသည် မိမိတို့၏ပြည်သူပြည်သား၊ သွေးသားရင်းချာများဖြစ်ကြသဖြင့် ၎င်းတို့၏စားဝတ်နေရေး၊ အဆင်ပြေချောမွေ့စေရေးနှင့် အေးချမ်းစွာဘဝရပ်တည်နိုင်ရေးတို့အတွက် ရသင့်ရထိုက်သည့်လုပ်ခလစာများ အပြည့်အဝရရှိစေရန်လည်းကောင်း၊ အလုပ်ရှင်များမှာ နိုင်ငံခြားသားများဖြစ်သည့်အားလျော်စွာ မိမိတို့နိုင်ငံအပေါ် အထင်သေးမှုများမဖြစ်ပေါ်စေရေး၊ နိုင်ငံ၏ပုံရိပ်မကျဆင်းစေရေး၊ နှစ်နိုင်ငံကောင်းမွန်စေသော ဆက်ဆံမှုမပျက်ပြားသွားစေရေး၊ အလုပ်ရှင်များမှ ၎င်းတို့၏ လက်ရှိလုပ်ငန်းများရပ်ဆိုင်းကာ အခြားနိုင်ငံသို့ ရွှေ့ပြောင်းမသွားစေရေး၊ နောက်ထပ်လာရောက်ကြမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် အဟန့်အတားမဖြစ်စေရေး၊ မိမိပြည်သူပြည်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ယုတ်လျော့မသွားစေရေး၊ အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်ပေါ်စေရေးတို့ကို အထူးအလေးထားကာ နိုင်ငံတကာကျင့်စဉ်များနှင့်အညီ နှစ်ဦးနှစ်ဖက်အကျိုးရှိမှု (Win-Win) ရရှိစေရန် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၄။ အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် လုပ်ခလစာတိုးပေးရေးကို ငြင်းဆန်နေသော အလုပ်ရှင်များအား သဘောပေါက်နားလည်လာစေကာ သဘောထားများ ပျော့ပျောင်းလာစေပြီး အလုပ်သမားများတောင်းဆိုသည့် လုပ်ခလစာနှင့်နီးစပ်သော လုပ်ခသို့တိုးမြှင့်ပေးသည့် ရလဒ်ကောင်းများကို ရရှိအောင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ရရှိသော ရလဒ်ကောင်းများကို အလုပ်သမားများအား ပြန်လည်ချပြရှင်းလင်းခဲ့ရာတွင် စက်ရုံအများစုရှိ အလုပ်သမားအများစုက လက်ခံသဘောတူညီကြသဖြင့် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်သဘောတူစာချုပ်များကိုချုပ်ဆိုနိုင်၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နေကြပြီဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ကျန်ရှိနေသော ဆန္ဒပြတောင်းဆိုနေကြသည့် အလုပ်သမားများအနေဖြင့် ရရှိထားပြီးဖြစ်သော ရလဒ်ကောင်း၊ အကျိုးကျေးဇူးကောင်းများကို ရရှိခံစားနိုင်စေရေးအလို့ငှာ လုပ်ငန်းခွင်သို့ အေးချမ်းစွာ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် အမြန်ဆုံးဆက်သွယ်ကာ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ကို ချုပ်ဆို၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့**

လွှတ်တော်ရေးရာ

# မြန်မာ-ကိုရီးယား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr. Lee Baek-soon အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ လာရောက်တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



အမျိုးသားလွှတ်တော်အစည်းအဝေး

# မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်း အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၏ **"ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိ တရားမမှုကြီးအမှတ် (၁၀/၂၀၁၁) အမှုအား အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ မေးခွန်းအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ပြန်လည်ရှင်းလင်း ဖြေကြားရာတွင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့် အမှုမှအပ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့် အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆ လျှင် ထိုပြဿနာကို အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေး စီရင်စေနိုင်ပါကြောင်း။

အဆိုပါ ပုဒ်မ ၂၀ အရ အာဏာသည် ပြည်ထောင်စုတရားသူကြီးချုပ်အား ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ အပ်နှင်းထားသည့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်နိုင်ခွင့်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံး ပြည်ထောင်စု တရားသူကြီးချုပ်ထံ လျှောက်ထားရန် လိုအပ်ပါကြောင်း၊ ထိုသို့ တင်ပြလျှောက်ထားလာသည့်အခါ ပြည်ထောင်စုတရားသူကြီးချုပ်က အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာ ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ပြီး ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် သင့်မသင့် ဆုံးဖြတ်ပေးရပါကြောင်း၊ ယခုအမှုမှာ ပြည်ထောင်စုတရားသူကြီးချုပ်ထံ ပုဒ်မ ၂၀ အရ လျှောက်ထားမှု မရှိသေးသည့်အတွက် ပြည်ထောင်စု တရားသူကြီးချုပ်က မဆုံးဖြတ်ရသေးသည့်ကိစ္စဖြစ်၍ မေးမြန်းသည့်ပြဿနာကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်/မစီရင်ကို ကြိုတင်ဖြေကြားနိုင်ခြင်း မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန်၏ **"တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ဒေသတွင် PTTEPI ကုမ္ပဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူ**

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



**ဒုတိယဝန်ကြီး ဦးမြင့်ဇော် ရှင်းလင်းဖြေကြားစဉ်။** (သတင်းစဉ်)



**တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်စိန် မေးမြန်းစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး



# ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ ထုတ်ချေးမည့်အစီအစဉ် လုပ်ငန်းအခြေအနေအရ ထပ်မံထုတ်ချေးသင့်သူများကိုသာ ထုတ်ချေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆားဗီးယားသမ္မတနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံသဘောတရားများနှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများချမှတ်ရန်နှင့် တန်းတူရည်တူရှိမှု၊ အပြန်အလှန်အကျိုးစီးပွားရှိမှု သဘောတရားများအပေါ် အခြေခံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်ပါကြောင်း၊ လက်မှတ်ရေးထိုးရန် နှစ်နိုင်ငံသဘောတူညီမှု ရရှိထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း သဘောတူညီထားပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးခြင်းဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒ၊ စစ်ဘက်စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ စစ်ဘက်ဆိုင်ရာ ပညာရေးနှင့် သင်တန်းများ၊ စစ်ဘက်ဆိုင်ရာ ဆေးပညာရပ်နှင့် တိရစ္ဆာန်ဆေးကုသမှုသိပ္ပံ စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းနှင့် နှစ်နိုင်ငံအခွင့်ရအာဏာပိုင်များက သဘောတူသည့် အပြန်အလှန် အကျိုးစီးပွားဖော်ဆောင်ရေးဆိုင်ရာ အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က အတည်ပြုသည်။

တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ဆင်းရဲနွမ်းပါးမှုကို ၁၆ ရာခိုင်နှုန်းသို့ လျှော့ကျစေရေးအတွက် လည်းကောင်း၊ တောင်သူလယ်သမားများနှင့် ပြည်သူလူထု၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဒေါ်လာသန်း ၃၀၀ နောက်ထပ်ချေးယူပြီး ကျပ်တစ်သိန်းမှ ငါးသိန်းထိထုတ်ပေးရန်ရည်ရွယ်ချက်သည် ကောင်းမွန်ပါကြောင်း၊ သို့သော် လယ်သမားများအားငွေထုတ်ချေးရုံဖြင့် ၎င်းတို့၏ဘဝအခက်အခဲများ လုံးဝပြည့်စုံသည်ဟု မဆိုနိုင်ပါကြောင်းဖြင့်ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းရာတွင် ပြည်သူများလိုအပ်နေသည်မှာ ငွေကြေးအရင်းအနှီးဖြစ်ပါကြောင်း၊ မွေးမြူရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးသွင်းအားစုများဝယ်ယူရန် ရင်းနှီးငွေများအားလုံးသည် သမဝါယမနှင့် မကင်းပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် သမဝါယမကဏ္ဍ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ်အထောက်အကူပြုလျက်ရှိပါကြောင်း၊ အရင်းအနှီးမပြည့်စုံသေးမီကာလတွင် ပြည်ပချေးငွေများခွင့်ပြုပေးခြင်းဖြင့် ပြည်သူများကို အကျိုးပြုစေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မွေးလွင်က တောင်သူများနှင့် အခြေခံလူတန်းစားတို့၏ ဘဝမြှင့်တင်လိုခြင်းသည် အပူပင်ကင်းစွာဖြင့် ဘဝဖြတ်သန်းမှုကို ရရှိစေလိုခြင်းဖြစ်ပါကြောင်း၊ ချေးငွေပေးခြင်းကို ထိရောက်သည့် ပညာပေးနည်းလမ်းများ အချိန်ယူ၍ ကြိုတင်စီစဉ်မှုစီမံချက်ချ၍ ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်ဘဲ ဖြတ်လမ်းနည်းဖြင့် ငွေချေးရုံသက်သက် ဆောင်ရွက်မည်ဆိုလျှင် မှန်ကန်စွာအသုံးချတတ်သူများ အကျိုးများနိုင် သကဲ့သို့ အသုံးမချတတ်သူများအတွက် အန္တရာယ်ရှိနိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်စိုးက စီးပွားရေးအရ သမဝါယမစနစ်ကို အောင်မြင်ရှင်သန်အောင်ဆောင်ရွက်ခြင်းမူဝါဒသည် အလွန်သင့်တော်ပါကြောင်း၊ သမဝါယမလှုပ်ရှားမှုများကို အချမ်းသာဆုံးနိုင်ငံများတွင် ရှင်သန်နေကြသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးဆောင်ရွက်မည်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်းဖြင့်ဆွေးနွေးသည်။

ကိုယ်စားလှယ် မန်းကံညွန့်က ချေးငွေဖြင့် ပြည်သူများအား အတိုးနှုန်းသက်သာစွာ ချေးပေးသည့်အတွက် တိုက်ရိုက်အကျိုးပြုခြင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် တိုက်ရိုက် အကျိုးပြုခြင်း၊ ကျေးလက်ဒေသရှိ ပြည်သူများအား လူမှုစီးပွားမြှင့်တင်ပေးနိုင်ခြင်း၊ ကျေးလက်နေပြည်သူများအတွက် ရင်းနှီးမတည်ငွေများရရှိခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်သူတို့၏ နေ့စဉ်စားဝတ်နေရေးအတွက် အရင်းအနှီးရရှိခြင်းတို့ကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြည်ပချေးငွေနှင့် နိုင်ငံတော်၏ဝင်ငွေ အချိုးသည် ၃၀ ရာခိုင်နှုန်းအောက်တွင်ရှိလျှင် ချေးငွေကိုဆပ်နိုင်သည့် အခြေအနေရှိပြီး နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးမရှိကြောင်းကို နိုင်ငံတကာမှသတ်မှတ်ထားပါကြောင်း၊ နောက်ထပ် ဒေါ်လာသန်း ၃၀၀ ချေးယူရုံဖြင့် တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ ကြွေးမြီခံနိုင်ရည် ရှိမရှိနှင့် ပတ်သက်၍လည်း ပြည်ပ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၇၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၅၆ဦးနှင့် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၄၈ ဦး စုစုပေါင်း ၂၈၂ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

ဥပဒေရေးရာ

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညှိညှိသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက် များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ပညာရေးလှိုင်းထန်ထစေ

မျိုးသာထက်

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် လှိုင်းသုံးလှိုင်းဖြင့် နိုင်ငံကို ကြိုးစားပြောင်းကြည့်သည်။ ပြည်တွင်းပြည်ပက ထောက်ခံမှုတချို့ရသော်လည်း ပြည်သူအများစုလိုအင်ကား ကြီးနေဆဲဖြစ်သည်။ နှစ်ပေါင်းများစွာက အပျက်အစီး၊ အကျအပေါက်များကို ငါးနှစ်နှင့်လုပ်မရ ပြင်မရသည်ကတော့ သေချာသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသားပညာရေးဥပဒေအကြောင်းပြု ကျောင်းသားသပိတ်သည် ကြီးထွားခဲ့သည်။ သမ္မတဦးသိန်းစိန်အစိုးရအတွက် ခံတုံးတစ်တုံးဖြစ်လာသည်။ ကျောင်းသားသပိတ်များ၏အစ တိုင်းပြည်၏ပညာရေးမှာ နှစ်ပေါင်းများစွာကြာကတည်းက ကောင်းစေရန် ကြိုးစားရင်း စမ်းသပ်ရင်း ပြင်ဆင်ရင်းနှင့်ပင် ကျဆုံးခဲ့သည်။ သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုခဲ့သည်။ ၂၀၁၄ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁ (၃၀-၉-၂၀၁၄)ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ကျောင်းသားများလိုလားသည့် ဥပဒေမျိုးမဟုတ်သဖြင့် ကျောင်းသားများက ပြင်ဆင်ပေးရန်ပြောသည်။ နောက်တော့ သပိတ်မှောက်သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ပြဋ္ဌာန်းလိုက်သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးအတွက် ညှိနှိုင်းပါရန် အစိုးရကို ရက်ပေါင်း ၆၀ အချိန်ပေးသည်။ သမ္မတ ဦးသိန်းစိန် အစိုးရသည် တုတ်တုတ်မှမလှုပ်ခဲ့သဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် နိုင်ငံလုံးချီ ကျောင်းသားသပိတ်ကို မန္တလေးမှရန်ကုန်သို့ လမ်းလျှောက်ချီတက်ခြင်းဖြင့် စတင်လိုက်သည်။

မန္တလေးတာထွက်သပိတ်သည် လမ်းမှမြို့ရွာများသို့ဝင်သည်၊ တရားဟောသည်။ အစိုးရဘက်က တားသည်၊ ဆီးသည်၊ သတိပေးသည်။ သို့တိုင်ကား ကျောင်းသားများကရှေ့သို့ ဆက်လက်ချီတက်ကြသည်။ ကျောင်းသားများကို မိဘပြည်သူများက ထောက်ခံကြသည်။ အစိုးရနှင့်နီးသူများက ကျောင်းသားများကို တားဆီးသလို သတိပေးကြသည်။ သပိတ်ကို ဆက်မသွားကြပါရန် ဆိုင်ရာမြို့အလိုက် တားဆီးနိုင်ပါရန် ကြိုးစားကြည့်ကြသည်။ အစိုးရလျှော့လိုက်ပြီ သမ္မတဦးသိန်းစိန်အစိုးရသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှလာသော အစိုးရဖြစ်သည်။ အငြင်းပွားဖွယ် ရွေးကောက်ပွဲဟု ပြည်တွင်းပြည်ပ အကဲခတ်များက သုံးသပ်ကြသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်မှ ပေါ်ပေါက်ခဲ့သော အစိုးရကား သေချာသည်။ ရက်ပေါင်း ၆၀ ကို နည်းလမ်းဟောင်းဖြင့်စဉ်းစားရင်း လျစ်လျူရှုခဲ့သော သမ္မတ ဦးသိန်းစိန် အစိုးရသည် ရန်ကုန်ဝင်လာမည့် သပိတ်စစ်ကြောင်းများအရေးကို သေသေချာချာ တွက်စစ်ပုံရသည်။ စေ့စပ်ညှိနှိုင်းရေးစကားပြောသည်၊ စကားပြောသလို ညှိနှိုင်းရေးကိုလည်း လက်တွေ့လုပ်သည်။

ဇန်နဝါရီလ ၂၈ ရက်တွင် သမ္မတရုံးဝန်ကြီး ဦးအောင်မင်းနှင့် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်များ ဆွေးနွေးကြပြီး အမျိုးသားပညာရေးဥပဒေကို အစိုးရ၊ လွှတ်တော်၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့ ဖေဖော်ဝါရီလ ၁ရက် တွင် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေးကြရန် သဘောတူခဲ့ကြသည်။ လေးပွင့်ဆိုင်များ အလျှော့အတင်းနှင့်သွားရင်း နောက်ဆုံးတွင် ကျောင်းသားများလိုလားချက်ကို အစိုးရသည် လိုက်လျောခဲ့သည်။ အစိုးရက တစ်ခုသာ အရေးဆိုသည်။ ကျောင်းသားစစ်ကြောင်းများ ရန်ကုန်ကို မဝင်နှင့်။ ကျောင်းသားများကား အစိုးရကိုမယုံကြည် ပုံရသည်။ ထို့ကြောင့် ထုံ့ပိုင်းထုံ့ပိုင်းနှင့် ဆက်လက်ချီတက်ပြီးမှ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်း ထွက်ပြီးချိန်တွင် သပိတ်ကို ဖေဖော်ဝါရီလ ၂၈ ရက်အထိ (လက်ရှိ) ရပ်ထားမည်ဟုဆိုခဲ့သည်။

**ဥပဒေမူကြမ်းအပေါ် သဘောထား**

ဒီမိုကရေစီသို့ သွားနေသည့်ခေတ်တွင် ကျောင်းသားများက ဒီမိုကရေစီပညာရေးကိုတောင်းသည်။ ဒီမိုကရေစီပညာရေးမှာ သီးခြားပညာရေးတစ်ခုလားဟု မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို မေးဖူးသည်။ ဒီမိုကရေစီပညာရေးမှာ ဒီမိုကရေစီသဘောသဘာဝအတိုင်း လွတ်လပ်မှုကို အခြေတည်ထားသော ပညာရေးကိုဆိုလိုကြောင်း ကျွန်တော်ရှင်းရဖူးသည်။ အစိုးရသတင်းစာများတွင် ပညာရေးမူကြမ်းကို ထည့်သောအခါ ဖတ်သူများကဝေဖန်ကြသည်။ ကြိုက်သူ လည်းရှိသည်၊ မကြိုက်သူလည်းရှိသည်။ ကောင်းလှချည်လားဟု ပြောသူများရှိသလို လွန်လွန်းလှချည်းလားဟု ဝေဖန်သူလည်းရှိသည်။ အစိုးရသတင်းစာက ဖိတ်ခေါ်ထားသဖြင့် လက်သံပြောင်သူတို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းမှ အစအနများကို အပ်နဲ့ဆွသည်၊ အထအနကောက်ကြသည်။ ဟိုလိုဆိုလျှင် မခက်လား၊ သည်လိုဆိုလျှင် မလွယ်ပါ့လားဟု ဆိုကြသည်။ နှစ်ပေါင်းများစွာ အချုပ်အကိုင်နှင့် နေထိုင်လာကြသဖြင့် တက္ကသိုလ်ကျောင်းသားများက လွတ်လွတ်လပ်လပ် တောင်းဆိုလိုက်သည့်အခါ လွတ်လပ်လှချည်လား၊ ကောင်းပါ့မလားဟု ပညာရေး နယ်ပယ်မှ ပုဂ္ဂိုလ်များအပါအဝင် အစိုးရက စိတ်ပူပန်သည်။ တစ်ဖက်တွင်လည်း စစ်အုပ်ချုပ်ပုံခေတ် မဟုတ်သဖြင့် ကျောင်းသားတွေကို သတိနှင့်ဆက်ဆံပုံရသည်။ အစိုးရသက်တမ်းမှာ တစ်နှစ်သာကျန်တော့ပေရာ အထွက်ကောင်းဖို့အရေးကလည်း ကြီးနေပါသည်။ ဤသို့ဖြင့် အစိုးရသည် သတင်းစာမှတစ်ဆင့် ဥပဒေမူကြမ်း အပြစ်အနာအဆာတို့ကို ပြည်သူအများ စာဖတ်သူအား ကြည့်စေရှုစေခြင်းဖြစ်သည်။

ပညာရေးလှိုင်းထန်ပါစေ သမ္မတဦးသိန်းစိန်အစိုးရက လှိုင်းဆိုသော စကားလုံးကိုကြိုက်သည်ဟု ယူဆမိသဖြင့် ကျွန်တော်လည်း အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေး သပိတ်စခန်းဖြင့် အရလှမ်းနေခြင်းကို ပညာရေးလှိုင်းထန်ခြင်းဟုဆိုချင်သည်။ လှိုင်းသဘာဝက အားကြီးသည်၊ တစ်ဖက်တွင်အန္တရာယ်

မူလတန်းကစပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးဟု ဆိုသည်ကို ပြင်ဆင်သည့်မူကြမ်းတွင် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို ဆောင်ရွက်မည် (ပုဒ်မ ၁၇) ဟု တိတိကျကျပြောသည်မှာ ကောင်းသည်။

အစိုးရသတင်းစာတွင် ဆောင်းပါးရှင်တချို့ လိုရာဆွဲကောက်ယူသုံးသပ်ကြသလို ဘာသာခြားကျောင်းများ ပေါ်ပေါက်လာမည့်အရေးမှာလည်း ဥပဒေမူကြမ်း ပုဒ်မ ၄ (ဍ) တွင် ရှင်းရှင်းလင်းလင်း ထည့်သွင်းထားသည်ကိုတွေ့ရသည်။ "ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။ လွတ်လပ်စွာကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမည်" ဟု ရေးထားသည်။ အပြစ်အနာအဆာဆို ပြင်ပါ၊ ဥပဒေကို ရာခိုင်နှုန်းပြည့်ကောင်းအောင် ပြင်ဆင်ကြိုးစားရေးထားသော်လည်း အပြစ်အနာအဆာပါနိုင်ကောင်းသည်။ ပိုကောင်းအောင် ဝိုင်းဝန်းပြင်ကြရုံသာရှိသည်။ အစိုးရပြင်ပြင်၊ လွှတ်တော်ပြင်ပြင်၊ NNER ပြင်ပြင်၊ ကျောင်းသားပြင်ပြင် ကောင်းအောင်ပြင်ဖို့ လိုရင်းဖြစ်သည်။ ယခုတော့ လေးပွင့်ဆိုင်သဘောတူညီချက်ဖြင့် ပြင်ထားသဖြင့် အားရလှသည်။ အထူးအားဖြင့် တိုင်းပြည် ကောင်းမည့် ပညာရေးကောင်းစေသည့်လုပ်ရပ်မျိုးကို ပြည်သူများမှာ ကြိုဆိုကြမည်ချည်းဖြစ်သည်။

သမ္မတဦးသိန်းစိန်အစိုးရသည် လက်ကျန်သက်တမ်းအတွင်း လုပ်စရာတွေက များလွန်းလှသည်။ ငြိမ်းချမ်းရေးစခန်း လှမ်းနေဆဲ၊ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးအကွေ့ ဝေ့နေဆဲ၊ နိုင်ငံ့စီးပွားရေး အရွေ့ရွေ့နေဆဲ စသည်ဖြင့် "ဆဲ" အခြေအနေများတွင် ထပ်ပိုးတက်နေသည့် ပြဿနာများကလည်း နေ့စဉ်နှင့်အမျှရှိနေသေးသည်။ သို့မို့ကြောင့် ကျောင်းသားများနှင့်အစိုးရကြား ပြေလည်သွားလျှင် သမိုင်းကြောင်း ကောင်းသွားနိုင်သည်။ အရှေ့ကအဆက်ဆက်သော အစိုးရများသည် ကျောင်းသားများကို ဖိနှိပ်ခဲ့သည်ချည်းသာဖြစ်သည်။ ကျောင်းသားများသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် တိုင်းပြည်အတွက် အနာဂတ်အတွက် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ ငယ်သူများက ဦးဆောင်လုပ်ကိုင်နေကြသဖြင့် အမှားအယွင်း ရှိနိုင်ကောင်းသည်။ အမှားရှိက အမှန်ရှိရာသည်။ တိုင်းနိုင်ငံနှင့် ရပ်ရွာလူထုကောင်းဖို့ ပြင်စရာရှိလျှင် ပြင်ရမည်သာဖြစ်သည်။ ကျောင်းသားသပိတ်သည် လုံးလုံးပြီးသေးသည်မဟုတ်ပါ ခေတ္တရပ်ရင်း

**တိုင်းပြည်ကောင်းဖို့ ဆောင်ရွက်သူတိုင်းက တိုင်းပြည်နှင့်လူထုကို မျက်နှာမူလိုက်က အပြစ်အားလုံးသည် ကင်းစင်ပျောက်မည်သာဖြစ်သည်။ ပညာရေးလှိုင်းတံပိုးတို့ မြိုင်ဆိုင်ထပါစေ၊ တိုင်းပြည်ကောင်းစေဖို့ စေတနာပဲ့ထိန်းဖြင့် ဉာဏ်ပညာလှေကိုလှော်ခတ်ရင်း လေးဖက်လေးတန်က အပြစ်အနာအဆာများနှင့် အခက်အခဲအားလုံးကိုကျော်ဖြတ်ဖို့ အချိန်တန်ပါကြောင်း။**

လည်းရှိသည်။ ကောင်းသည့်ဘက်ကမ်းသို့ ရိုက်တင်နိုင်သလို ဆိုးသည့်ချောက်ထဲသို့လည်း ဆွဲခေါ်ချသွားနိုင်သည်။ မည်သို့ ဖြစ်စေ ပညာရေးလှိုင်းတံပိုးကိုတော့ အရှိန်အဟုန်နှင့် သည်တစ်ကြိမ်သွားစေချင်သည်။

တက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းသားသပိတ်ခေါင်းဆောင်များ၏ စေတနာမှာ မြန်မာ့ပညာရေးကို ကောင်းစေချင်သည်။ ဗဟိုအချုပ်အကိုင်များသည်ကို မကြိုက်၊ နှစ်ပေါင်းများစွာက အတွေးအခေါ်များအတိုင်း မပြင်မပြောင်းသည်ကိုလည်း မနှစ်သက်၊ လွတ်လပ်သည့်ခေတ်တစ်ခေတ်ကို သွားလိုက်ချင်သည့်ဆန္ဒ ၄င်းတို့တွင်ရှိသည်။ ပညာရေးလှိုင်းကြီးကြီး တစ်ချီတော့ စီးကြည့်ချင်ကြခြင်းဖြစ်သည်။ ဥပဒေကြမ်းတွင် လွတ်လပ်စွာပညာသင်ကြားခွင့် (ဘာသာရပ်နှင့်ကျောင်းရွေးချယ်ခွင့်)ကို တောင်းသည်။ ဤသို့ တောင်းဆိုခြင်းမှာ မမှားပါ၊ သို့သော် မြန်မာ့ပညာရေးနှင့်ကိုက်ညီရန် ခပ်ကြမ်းကြမ်း တစ်ကွေ့ကိုဖြင့် ဖြတ်ကျော်ကြရမည်ဖြစ်သည်။ မူလဥပဒေက အခမဲ့ မသင်မနေရကို အခြေအနေစောင့်ကြည့်နေဆဲသာဖြစ်သည်။

ဥပဒေကြမ်းပါ စိုးရိမ်စရာများရှိက လေးပွင့်ဆိုင်ခြင်းဖြင့် လည်းကောင်း၊ လွှတ်တော်တွင်းတွင်လည်းကောင်း ရှင်းနိုင်ကောင်းသည်။ တိုင်းပြည်ကောင်းဖို့ ဆောင်ရွက်သူတိုင်းက တိုင်းပြည်နှင့်လူထုကို မျက်နှာမူလိုက်က အပြစ်အားလုံးသည် ကင်းစင်ပျောက်မည်သာဖြစ်သည်။ ပညာရေးလှိုင်းတံပိုးတို့ မြိုင်ဆိုင်ထပါစေ၊ တိုင်းပြည်ကောင်းစေဖို့ စေတနာပဲ့ထိန်းဖြင့် ဉာဏ်ပညာလှေကိုလှော်ခတ်ရင်း လေးဖက်လေးတန်က အပြစ်အနာအဆာများနှင့် အခက်အခဲအားလုံးကို ကျော်ဖြတ်ဖို့ အချိန်တန်ပါကြောင်း ပြောလိုသည်။

**(ပြည်တွင်းပြည်ပ သတင်းဌာနများတွင် ၁၅ နှစ်ကျော် လုပ်သက်ရှိသူ သတင်းမီဒီယာသမား မျိုးသာထက်သည် ယခုအခါ DVB DEBATE ရုပ်သံအစီအစဉ်တွင် တက်ဆက်သူဖြစ်သည်)**

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးတွင် ဖေဖော်ဝါရီ ၁၇ ရက်က အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးကြီးမီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်နေမှုကို ကြီးကြပ်ဆောင်ရွက်နေစဉ်။**
တင်လှိုင် (မိတ္ထီလာ)



## "င" ယာဉ်မောင်းလိုင်စင်ကိုင်ဆောင် ယာဉ်မောင်းများကိုပြန်လည်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မထသ အဝေးပြေး (နပတ)၏ ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်အသင်းများ၌ "င" ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူ ယာဉ်မောင်းများအား အောင်လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းရှိ မထသ (အဝေးပြေး) ရုံး၌ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးလျန်ကျစ်မန်က မြန်မာနိုင်ငံတွင် ယာဉ်စီးနင်းအသုံးပြုသော ယာဉ်မောင်းများ၊ ယာဉ်မောင်းနှင်မှုပိုင်နိုင်ကျွမ်းကျင်စွာမောင်းနိုင်ရေးအတွက် ပြန်လည်စစ်ဆေး၍ လက်မှတ်များပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မင်းမင်းလတ်**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က အကြံပြုချက်များပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့မှုအပေါ် ပြည်သူအချို့က စိတ်ပါဝင်စားစွာဖြင့် သုံးသပ်အကြံပြုချက် သတင်းဆောင်းပါးများပေးပို့ကြသည့်နည်းတူ ဝေဖန်အကြံပြုချက်များကိုလည်း လွှတ်တော်များနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့လျက်ရှိကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်တွင် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် အကြံပြုချက်သဘောထားပေးပို့သကဲ့သို့ ယင်းနေ့တွင်ပင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ကလည်း ဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုချက်၊ သုံးသပ်ချက်များကို ရေးသားပြုစုပေးပို့ခဲ့သည်။

ထိုအကြံပြုစာတွင် ၁၉-၂-၂၀၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြင်ဆင်ဖြည့်စွက်သည့်ပြဋ္ဌာန်းချက်များနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေပါပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ဇယားအား ၂၀-၂-၂၀၁၅ ရက်နှင့် ၂၁-၂-၂၀၁၅ ရက်တို့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ဤတက္ကသိုလ်မှ သင်ကြား / စီမံဆရာတော် (၆၇) ပါးတို့က အသေးစိတ်လေ့လာဖတ်ရှု၍ ဆွေးနွေးခဲ့ကြပါကြောင်း၊ ထိုသို့ ဝိုင်းဝန်းလေ့လာဆွေးနွေးခဲ့ကြပြီးနောက် အမျိုးသားပညာရေးဥပဒေ (၂)မျိုးပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အကြံပြုချက်များ၊ သုံးသပ်ချက်များကိုရေးသား

**ကျောင်းများ၊ ဆရာများ၊ ကျောင်းသားများ၊ သင်ရိုးညွှန်းတမ်းများ၊ ဘာသာစကားများ၊ အတွေးအခေါ်များနှင့် ဒေသဆိုင်ရာများအားလုံးတွင် လွှတ်လပ်မှုများ ဖော်ဆောင်လွန်းလျှင် စည်းကမ်းမဲ့လွန်းသည့် လမ်းကြောင်းကို ဦးတည်နေ**

ပြုစုပေးပို့ပါကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့၏အကြံပြုချက်များတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အခန်း(၃) ပုဒ်မ(၄) ပုဒ်မခွဲ(ခ) ပညာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ **ကျောင်းများ၊ ဆရာများ၊ ကျောင်းသားများ၊ သင်ရိုးညွှန်းတမ်းများ၊ ဘာသာ စကားများ၊ အတွေးအခေါ်များနှင့် ဒေသဆိုင်ရာများအားလုံးတွင် လွှတ်လပ်မှု များဖော်ဆောင်လွန်းလျှင် စည်းကမ်းမဲ့လွန်းသည့်လမ်းကြောင်းကို ဦးတည်** နေခြင်းကြောင့် ပယ်ဖျက်သင့်ကြောင်း၊ အခန်း(၄)ပုဒ်မ(က) ပုဒ်မခွဲ(စစ) ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ အကဲဖြတ်မှုများနှင့်ပတ်သက်၍ ဆရာများကိုတပည့်များက အကဲဖြတ်စနစ်သည် မိဘကို သားသမီးက ဆရာပြန်လုပ်သလိုဖြစ်ခြင်းမှာ တပည့်(ရဟန်းများမှ ဆရာ (ရဟန်း)ကို ပြန်လည်အကဲဖြတ်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီခြင်းတို့ကြောင့် ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ(ခ)ပုဒ်မခွဲ(ဃဃ)ပါ ဆရာ၊ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ(၁၀)ပုဒ်မခွဲ(ဆ)အရ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ခြင်းဆိုသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရမည်ဖြစ်ခြင်းနှင့် ပါတီများသို့ဝင်ရောက်ပါက ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများ ဖြစ်ပေါ်လာပြီး သင်ကြားအုပ်ချုပ်မှုများတွင် ဆိုးကျိုးများ များစွာပေါ်ပေါက်လာနိုင်ခြင်းကြောင့် ပယ်ဖျက်သင့်ကြောင်း၊ အလားတူ ပုဒ်မ(င)ပုဒ်မခွဲ(ကက)၊ (ခခ)၊ (ဂဂ)၊ (ဃဃ) တို့အား ပယ်ဖျက်သင့်ပြီး မိခင်ဘာသာစကားကို ကျောင်းအလိုက် ရွေးချယ်အသုံးပြုခြင်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် မွတ်စလင်၊ တရုတ်စသည့် ဘာသာခြားများအားလုံးမှ အသီးသီးမွေးဖွားလာသော ကျောင်းသားများအား ရှေးဦးကလေးပညာရေးကဏ္ဍတွင် မိခင်ဘာသာစကားအား သင်ကြားပေးမည့်ပြဋ္ဌာန်းချက်သည် အကောင်အထည်ဖော်ရန် အတားအဆီးများရှိပြီး မည်သို့မျှဆောင်ရွက်ရန်မဖြစ်နိုင်ခြင်း၊ ကျောင်းအလိုက် မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုသင်ကြားမည်ဆိုပါက အနာဂတ်တွင် မြန်မာစာပေမှေးမှိန်လာနိုင်ခြင်း၊ ဘာသာခြားတို့၏စာပေများ ပို့ချမှုမှတစ်ဆင့် ဘာသာရေးစည်းရုံးမှု၊ မှိုင်းတိုက်မှုများပေါ်ပေါက် လာနိုင်ခြင်း၊ ဗုဒ္ဓဘာသာယုံကြည်သက်ဝင်မှု လျော့ပါးအားနည်းလာနိုင်ခြင်း၊ အင်္ဂလိပ်စာပေကို အလေးထားမသင်ကြားပါက အနာဂတ်လူငယ်များသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ခက်ခဲအားနည်းချက်များရှိလာနိုင်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးလာနိုင်ခြင်းတို့ကြောင့် ပယ်ဖျက်သင့်ခြင်းဖြစ်ကြောင်းဖြင့် အကြံပြုထားသည်။

ထို့အပြင် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)နှင့် (င)တို့နှင့်ပတ်သက်၍ ကျက်သင့်ကျက်ထိုက်သည်များကို ကျက်မှတ်ရသည်မှာ သဘာဝပင်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေးတွင် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ ဟူသော ပညာသင်နည်း ၈ ချက်တွင် အလွတ်ကျက်ရခြင်းသည်လည်း အချက်တစ်ချက်အနေဖြင့်ပါဝင်ကြောင်း၊ သို့ဖြစ်၍ အလွတ်ကျက်သင့်သည်များကို အလွတ်ကျက်ရမည်ဖြစ်ကြောင်း၊ အလွတ်ကျက်ဖြေစနစ်ကို ဖျက်သိမ်းလိုက်ခြင်းဖြင့် မိမိတို့နိုင်ငံတွင် ကမ္ဘာပေါ်မှာ ရက်အရှည်ကြာဆုံးစာမေးပွဲ (သုံးဆယ်ရက်)တစ်ခုဖြစ်သော တိပိဋကရွေးချယ်ရေးစာမေးပွဲသည် အာဂုံပြန်အလွတ်ကျက်ရသည့် စာမေးပွဲဖြစ်သည့်အတွက် ဖျက်သိမ်းလိုက်ရပါက ဗုဒ္ဓဘာသာအဓွန့်ရှည်တည်တံ့ခိုင်မြဲဖို့ ကြီးစွာသောအဟန့်အတားအန္တရာယ်ကြီးဖြစ်လာနိုင်ခြင်း၊ ဘာသာသာသနာကို တဖြည်းဖြည်းချင်းဖျက်ဆီးရာရောက်စေခြင်း၊ လောကီပညာရေးအပိုင်းတွင် လူမှုဘဝများ၊ ဘဝအတွက် တစ်သက်တာသိမှတ်ဖွယ်ရာများ၊ အင်္ဂလိပ်စာဝေါဟာရများကို အလွယ်မကျက်မှတ်ထားပါက အနာဂတ်လူငယ်များသည် ကိုယ်ရည်ကိုယ်သွေး၊ အဆင့်အတန်းနိမ့်ပါးသောသူများသာဖြစ်လာနိုင်ခြင်း၊ စာမေးပွဲစနစ်လည်းပါဝင်ရမည်၊ လုပ်ဆောင်ချက်၊ စာတမ်းတင်ပြမှု၊ သုတေသနလေ့လာမှုလည်းပါဝင်ရမည်၊ ၎င်းတို့ကိုအချိုးကျ အမှတ်ခွဲဝေသည့်စနစ်ကို ကျင့်သုံးသင့်ခြင်းတို့ကြောင့် ပြင်ဆင်သင့်ပါကြောင်း အကြံပြုထားသည်။

အလားတူ အခန်း(၆)ပုဒ်မ(၃၄)ပုဒ်မခွဲ(ည)မှာ ဘာသာခြားတို့၏ ပညာရေး၊ ဘာသာစကားများ ပူးကပ်ဝင်ရောက် နှောင့်ယှက်ဖျက်ဆီးခွင့်ကို ခွင့်ပြုထားသကဲ့သို့ဖြစ်ခြင်း၊ ဌာနအသီးသီးတွင် ရုံးသုံးမြန်မာစာပေစကားကို ကွယ်ပျောက်အောင် ပြုမူဆောင်ရွက်သော အသွင်အပြင်ဖြစ်နေခြင်း၊ အစွန်းရောက်ဝါဒီတို့ကို အားပေးအားမြှောက်ရာရောက်နေခြင်း၊ အခြား အခြားသော ဘာသာစကား စာပေယဉ်ကျေးမှုများထွန်းကားအောင် အားပေးရာရောက်ခြင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက် ရတက်မအေးစရာများ မြင်တွေ့နေရခြင်း၊ ကျောချမ်းစရာများဖြစ်နေခြင်းတို့ကြောင့် လုံးဝပယ်ဖျက်သင့်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် အမျိုးသားပညာရေးဥပဒေအခန်း(၁၁)ပုဒ်မ(၅၇)ပုဒ်မခွဲ(ခ)ကို ထည့်သွင်းရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ရေမြေသဘာဝ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှုစနစ်များအရ ဘ/ကကျောင်းများ၊ ပရိယတ္တိတက္ကသိုလ်များ၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ၊ လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်မွေးထုတ်ပေးသည့်ကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များကို ဗုဒ္ဓသာသနာအဓွန့်ရှည် တည်တံ့ပြန့်ပွားရေး၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဖွင့်လှစ်သင်ကြားပို့ချရခြင်းကြောင့်ဖြစ်ကြောင်း စသည်ဖြင့်ဖော်ပြထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့က သုံးသပ်ချက်အနေဖြင့် မိမိတို့၏အဖွဲ့အစည်းကို ဦးစားပေးရှေ့တန်းတင်သည့် ဥပဒေမျိုးနှင့်အာဃာတကို ရှေ့တန်းတင်ပြီးရေးဆွဲထားသည့် ဥပဒေမျိုးမဖြစ်သင့်ဘဲ နိုင်ငံနှင့်လူမျိုးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ မှန်ကန်သည့်နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ယဉ်ကျေးမှုကိုတန်ဖိုးထားတတ်သည့်စိတ်များ ဖြစ်ပေါ်လာစေရေးတို့ကို ဦးတည်ရှေးရှုသည့်အချက်များ လွှမ်းခြုံပါဝင်သော ဥပဒေမျိုးဖြစ်အောင် ရေးဆွဲသင့်ကြောင်း၊ မှန်ကန်သော၊ တရားမျှတသောအတွေးအခေါ် အယူအဆများကို ပေါ်ထွန်းစေပြီး စာရိတ္တမြင့်မားရေး၊ မင်္ဂလာတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်တတ်ရေး၊ လူတစ်ဦးချင်းစီနှင့် မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးသည့်ဥပဒေမျိုးလည်းဖြစ်အောင် ရေးဆွဲသင့်ကြောင်း၊ သို့ဖြစ်၍ အမျိုးသားပညာရေးဥပဒေအား ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော အများဆန္ဒကိုအလေးထားပြီး အချိန်ယူကာ ပြန်လည်ရေးဆွဲအကောင်အထည်ဖော်သင့်သည်ဟု ဖော်ပြထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂ နိုင်ငံရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ဂရင်းအမရဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပညာရှင်စုစုပေါင်း ၇၆ ဦး တက်ရောက်ဆွေးနွေးကြပြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းနှင့် ကုလသမဂ္ဂ မူဝါဒရေးရာနှင့်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူး မစ္စတာ လီဗန့်ဘီ(လ်)မင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။ **(အပေါ်ယာပုံ)**



အဆိုပါဆွေးနွေးပွဲ၌ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းဆိုင်ရာလုပ်ငန်းနှင့် ကမ္ဘာ့အခြားဒေသများ၏သင်ခန်းစာများ၊ အရှေ့တောင်အာရှတွင်ကြုံတွေ့နေရသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ဒေသတွင်းစိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန အဖွဲ့အစည်းတည်ထောင်မှုတွင် ကြုံတွေ့နေရသောစိန်ခေါ်မှုများနှင့် သင်ခန်းစာများ၊ အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန၏ တိုးတက်မှုဖြစ်စဉ်၊ ပဋိပက္ခအရင်းအမြစ်များသတ်မှတ်ရေး၊ အာဆီယံ ပြန်လည်သင့်မြတ်ရေး အဖွဲ့အားအထောက်အပံ့ပြုစေသည့် ပြင်ပနှင့် ညှိနှိုင်းဆောင်ရွက်မှုများနှင့် ၂၀၁၅ ခုနှစ်အတွက် အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ခိုင်မာသည့်လုပ်ရှားမှု သတ်မှတ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာဆီယံ-ကုလသမဂ္ဂ နိုင်ငံရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပခဲ့ပြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းနှင့် ကုလသမဂ္ဂ မူဝါဒရေးရာနှင့်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူး မစ္စတာ လီဗန့်ဘီ(လ်)မင်းတို့က သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ ဖေဖော်ဝါရီလအတွင်း ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို ၃၆ ပုဒ်၊ ဆောင်းပါး ၄၂ ပုဒ်နှင့် ဓာတ်ပုံ ၁၆၂ ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများ၏ ဝတ္ထုတိုပြိုင်ပွဲတွင် ခင်တင့်ဝေ(မြို့တော်စည်ပင်)က အင်းလျားကို သက်သေတည် ပထမ၊ ရဲထွန်း(ဟသ်ာတ)က ပြည်တော်ပြန်ဘုရားကြီးရှေ့က ကြိုနေမယ် ဒုတိယ၊ မြနှင်းဝေအောင်က အပြုံးပန်းတွေကိုယ်စီဝေ တတိယ၊ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)နှင့် ရို့စ်တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် သဇင်ထွန်း(ပညာရေး)က ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် မယိုင်လဲစေဖို့ လူထုအားကစားဖြင့်တည်ဆောက်စို့ ပထမ၊ ကိုဌေး(ကနောင်)က အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ ဒုတိယ၊ မောင်မောင်မိုးအောင်က ကျန်းမာကြံ့ခိုင်သော လူထုအားကစားမှ ကမ္ဘာသို့ တတိယ၊ ထွေးကိုကိုနှင့် ဇော်မင်းဌေး(ထားဝယ်)တို့က နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)က ပထမ၊ ဘိုသင်း(မန်းတက္ကသိုလ်)က ဒုတိယ၊ အောင်ရဲနိုင်(အမရပူရ)က တတိယ၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)နှင့် ကျော်ခိုင်ဦးတို့က နှစ်သိမ့်ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၃၁)၌ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများအနေဖြင့် တက်ရောက်ကြပါရန်နှင့် တက်ရောက်နိုင်မည့်အခြေအနေအား လူထုအားကစားနှင့် ပညာပေးဌာနခွဲ (နေပြည်တော်) ဖုန်း-၀၆၇-၄၀၆၀၂၇၊ ၀၉-၂၅၀၈၄၈၅၁၂ တို့သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# စွမ်းရည်ရှိသောတပ်မတော်ဖြစ်မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာ့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိရာတွင် ခေတ်မီစစ်လက်နက်ပစ္စည်းများတပ်ဆင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော် (လေ) ကို အားသစ်လောင်းပေးပြီး လေကြောင်းစွမ်းပကားမြှင့်တင်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်တို့အတွက် ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်း အတတ်သင်လေတပ်စခန်း၌ ကျင်းပပြုလုပ်သော တပ်မတော် (လေ)၏ 'K-8W' လေ့ကျင့်ရေးဂျက်လေယာဉ်၊ ATR-42 သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် BEE- CH-1900 D သယ်ယူပို့ဆောင်ရေး လေယာဉ်များ တပ်တော်ဝင်အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ် အသီးသီးမှ ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်ရင်း တပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်တို့က တပ်တော်ဝင်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် K-8W လေယာဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးတို့ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းတွင် တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့လွှဲပြောင်းပေးအပ်သည့် K-8W လေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသည် တတိယအကြိမ်ဖြစ်၍ ယခုလွှဲပြောင်းပေးမှုအပါအဝင် တပ်မတော်(လေ)သို့ စုစုပေါင်း K-8W လေယာဉ် ၁၈ စင်းလွှဲပြောင်းပေးပြီးဖြစ်ကြောင်း၊ K-8W လေ့ကျင့်ရေးဂျက်လေယာဉ်များသည် အပေါ့စားတိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ပြီး ခေတ်မီအဆင့်မြင့် ရှေ့တန်းဂျက်တိုက်လေယာဉ်များ မောင်းနှင်မည့် လေသူရဲများကို ကြားခံလေ့ကျင့်ပေးနိုင်သော အပေါ့စားတိုက်ခိုက်ရေး အမောင်းသင်ဂျက်လေယာဉ်အမျိုးအစားဖြစ်ကြောင်း၊ တပ်မတော်(လေ) ၏ အနာဂတ်မျိုးဆက်သစ်လေသူရဲများကိုလေ့ကျင့်ပျိုးထောင်ပေးသွားနိုင်မည်ဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆတက်ထမ်းပိုးထမ်းဆောင်သွားရန်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

BEECH 1900D လေယာဉ်များနှင့် ATR 42 လေယာဉ်တို့သည် အလတ်စားသယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်ပြီး ခရီးသည်သယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်သည့်အတွက်လည်း နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာများကို လေ့လာကြည့်ပါက လေကြောင်းစွမ်းပကားသည် များစွာအရေးပါလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကိုအားပြု၍ စစ်ပွဲအောင်နိုင်ရေးအတွက် မိမိယှဉ်ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်ရန်နှင့် မိမိတပ်များတိုက်ပွဲစွမ်းရည်ပိုမိုတိုးတက်စေရန် အသုံးပြုလာကြကြောင်း၊ သာလွန်သောလေကြောင်းစွမ်းအားရရှိရေးအတွက် ခေတ်မီလေတပ်မတော်တစ်ခုတည်ထောင်ရမည်ဖြစ်သကဲ့သို့ ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသော နည်းပညာရပ်များကိုလည်း သိရှိလေ့လာကျွမ်းဝင်တတ်မြောက်နေရန်လိုကြောင်း။

တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကား မြှင့်တင်ရေးအတွက် ခေတ်မီနည်းပညာသုံးလေယာဉ်/ရဟတ်ယာဉ်များ၊ စက်ပစ္စည်း/ လက်နက်ကိရိယာများဖြည့်ဆည်းတပ်ဆင်ရေးနှင့် အတူလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ပြည်သူလူထုကို တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ပတ်သက်ပြီး မိန့်ခွန်းပြောကြားရာတွင် လေတပ်နှင့်ပတ်သက်၍ **"လေတပ်ဆိုတာ အခုမှစတုန်းရှိသေးတယ်။ ဒီတိုင်းပြည်လိုလေတပ်မျိုးဟာ အဖျင်းဆုံးလေယာဉ်ပျံအစင်း ၅၀၀ လောက် ရှေ့တန်းလေယာဉ်ပျံခေါ်ပါတယ်။ First Line Plane အဖျင်းဆုံးစစ်ဖြစ်ဖြစ်ချင်းလေယာဉ်ပျံအစင်း ၅၀၀ လောက်ရှိမှ ဒါတောင်မှ လုံလောက်တယ်လို့မခေါ်နိုင်သေးဘူး။ အဲဒီလေယာဉ်ပျံတွေ ၅၀၀ က ရှေ့မှာတိုက်တဲ့အခါနောက်မှာက လေယာဉ်ပျံတစ်စင်းကို သုံး၊ လေးစင်းအရန်ထားရမယ်။ အဲဒီနောက်မှာက အဖျင်းဆုံးလေယာဉ်ပျံ ၅၀၀ ထပ်ဖြည့်မှဖြစ်မယ်"** ဆိုပြီးမိန့်ကြားခဲ့ရာ ယနေ့တပ်မတော်(လေ)၏အခြေအနေဖြင့် ချိန်ထိုးကြည့်နိုင်ပါကြောင်း။

အနာဂတ်အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်သည့် အခန်းကဏ္ဍတွင်ပါဝင်မည့် တပ်မတော်သည် အမှန်တကယ်စွမ်းရည်ရှိသော တပ်မတော်ဖြစ်ရန်လိုအပ်ပါကြောင်း၊ စွမ်းရည်ရှိသော တပ်မတော်ဖြစ်မှသာ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်၍ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သကဲ့သို့ ပြည်သူ့အကျိုးစီးပွားကိုလည်း ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လေယာဉ်များ တပ်တော်ဝင်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသူများကို ချီးကျူးမှတ်တမ်းတင်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးက လေ့ကျင့်ရေး ဂျက်လေယာဉ်နှင့်သယ်ယူပို့ဆောင်ရေးလေယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာပြီး လေယာဉ်ဆိုင်ရာ အထောက်အထား၊ စာရွက်စာတမ်းများကို ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးမင်းက လေကြောင်းအတတ်သင် လေတပ်စခန်း၊ လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် မောင်မောင်ကျော်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးတို့က တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် CATIC COMPANY မှ ဒုတိယဥက္ကဋ္ဌ Mr. Liu Jianhai တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်/ ရဟတ်ယာဉ်အုပ်ဖွဲ့များမှ Fly Past ဖြင့်ပျံသန်းအလေးပြုခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပထမအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းတွင် တံခွန်အုပ်ဖွဲ့မှ ရဟတ်လေးစင်းဖြင့် လည်းကောင်း၊ ဒုတိယအုပ်ဖွဲ့ ပျံသန်းအလေးပြုခြင်းတွင် ရန်နိုင်အုပ်ဖွဲ့မှ အမောင်းသင်လေယာဉ် ခြောက်စင်းဖြင့်လည်းကောင်း၊ တတိယအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းတွင် ရဲမာန်အုပ်ဖွဲ့မှ လေ့ကျင့်ရေးဂျက်လေယာဉ် လေးစင်းဖြင့်လည်းကောင်း၊ စတုတ္ထ အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းတွင် ရာဇာအုပ်ဖွဲ့မှ ဘက်စုံသုံးတိုက်လေယာဉ်ငါးစင်းဖြင့်လည်းကောင်း အစီအစဉ်အတိုင်း ပျံသန်းအလေးပြုကြသည်။

ထို့နောက် သရုပ်ပြပျံသန်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရာဇာအုပ်ဖွဲ့မှ ဘက်စုံသုံး တိုက်လေယာဉ်ငါးစင်းမှ Fan Break ဖြင့် သရုပ်ပြပျံသန်းခြင်း၊ ဂျက်တိုက်လေယာဉ်လေးစင်းမှ Zoom Climbing Turn ခေါ်သော လေယာဉ်ကို အပေါ်သို့ တက်လျက် ဘယ်/ညာ ကွေ့ခြင်း၊ Box Formation Loop ခေါ်သော စတုဂံပုံစံ အုပ်ဖွဲ့ဖြင့် နောက်ပြန် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်း၊ Shock Wave Formation Loop ခေါ်သော လေထုကို ဖောက်ခွင်းသည့် မြားခေါင်းပုံစံ အုပ်ဖွဲ့ဖြင့် နောက်ပြန်ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်း၊ Tootsie Rolls ခေါ်သော ဂျက်တိုက် လေယာဉ်သုံးစင်းတွဲ အုပ်ဖွဲ့ကို အခြားတစ်စင်းမှ ရစ်ပတ်ပျံသန်းသရုပ်ပြခြင်း၊ Twinkle Rolls ခေါ်သော လေးစင်းတွဲလျက် တစ်ပြိုင်တည်း ဘေးလိမ့်ကျွမ်းထိုးပျံသန်းသရုပ်ပြခြင်းနှင့် Bomb Bust Loop ခေါ်သော နောက်ပြန် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းတို့ကို ပျံသန်းသရုပ်ပြကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက တပ်တော်ဝင်လေ့ကျင့်ရေး ဂျက်လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များကို အမွှေးနံ့သာများပက်ဖျန်းကြပြီး မီးရှူးမီးပန်းပစ်လွှတ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြသည်။ **(မြဝတီ)**





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) လေ့ကျင့်ရေးဂျက်လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များ တပ်တော်ဝင်အခမ်းအနား၌ နောက်ပြန်ကျွမ်းထိုးသရုပ်ပြ ပျံသန်းမှုကို ကြည့်ရှုအားပေးစဉ်။** (မြဝတီ)

---

## ပြည်ထောင်စုလွှတ်တော်မှ

ကြွေးမြီဆိုင်ရာ အညွှန်းကိန်းသတ်မှတ်ထားသည့်အောက်တွင်ရှိသည့်အတွက် ကြွေးမြီခံနိုင်ရည်ရှိပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်သည်ကို ထုတ်ပြန်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသည့် ကြွေးမြီများသည် နိုင်ငံတော်မှပြန်ဆပ်ရမည်ဖြစ်ပါကြောင်း၊ ယခုချေးယူမည့် ဒေါ်လာသန်း ၃၀၀ သည် နိုင်ငံတော်မှ တိုက်ရိုက်ပေးဆပ်ရမည့်အကြွေးမဟုတ်ပါကြောင်း၊ သမဝါယမအသင်းသားများနှင့် သမဝါယမအသင်းများက ဆပ်ရမည်ဖြစ်သည့် ဝန်ပေါ့ဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်ပါကြောင်း၊ Exchange Rate နှင့် ပတ်သက်၍လည်း ကာနိုင်ရန်နှင့် ခံနိုင်ရည်ရှိရန် ဆောင်ရွက်ထားပါကြောင်း၊ ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ ထုတ်ချေးမည့် အစီအစဉ်အတွက်လည်း လူတိုင်းအားထုတ်ချေးမည်မဟုတ်ဘဲ လုပ်ငန်းအခြေအနေအရ ထပ်မံထုတ်ချေးသင့်သူများကိုသာ ထပ်မံထုတ်ချေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က သမဝါယမဝန်ကြီးဌာန၏ချေးငွေသည် သမဝါယမဝန်ကြီးဌာန၏ အစီအမံများအရ အကောင်အထည်ဖော်မည့် ဝန်ကြီးဌာန၏ လိုအပ်ချက်အရ ရယူမည့်ချေးငွေဖြစ်ပါကြောင်း၊ ချေးငွေနှင့်ပတ်သက်၍ သမဝါယမဝန်ကြီးအနေဖြင့် ချေးငွေချေးမည့်အစီအမံများ၊ တာဝန်ယူပြန်လည်ပေးဆပ်မည့်အစီအမံများ၊ ချေးငွေမဆုံးရှုံးရန်ဆောင်ရွက်မည့်အစီအမံများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် မိမိနိုင်ငံအတွက် အကျိုးမြန်မြန်ဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ ပြန်ရချက်ကောင်းမည့်ကိစ္စရပ်များတွင် စီးပွားရေးဆိုင်ရာချေးငွေကို ရယူဆောင်ရွက်တတ်ကြပါကြောင်း၊ ချေးငွေရယူမည့် ဝန်ကြီးဌာနတိုင်းသည် ချေးငွေနှင့် အကောင်အထည်ဖော်မည့်စီမံကိန်းတိုင်း၊ လုပ်ငန်းတိုင်းအားဆုံးရှုံးလေလွင့်မှုမရှိစေဘဲ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရန်တာဝန်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက သမဝါယမဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်လုပ်ငန်းစဉ်များ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များတွင် ပြည်သူများလိုအပ်လျက်ရှိသည့် အရင်းအနှီးရရှိစေမည့် အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများသည် စီမံကိန်းတွင်ပါရှိသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ ပြည်သူများအတွက် အသေးစားချေးငွေ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် အမှန်တကယ် ကောင်းမွန်လိုအပ်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စား သမဝါယမအသင်းသားများ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးရန် ချေးငွေ ရယူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ချေးငွေရယူပြီး ချေးငွေပြန်ဆပ်သည့် အသိစိတ်ဓာတ်ဝင်ရန်၊ စုတတ်ဆောင်းတတ်၊ စနစ်တကျအသုံးပြုတတ်ရန် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲသွားမည်ဟု သမဝါယမဝန်ကြီးဌာနမှ မှတ်ချက်ပြုထားပါကြောင်း၊ ပြည်သူများ၏လိုအပ်သည့်ကိစ္စရပ်ဖြစ်ပြီး စီမံကိန်းတွင်လည်းပါရှိသည့် ကိစ္စရပ်ဖြစ်သည့်အတွက် ထောက်ခံအပ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှအမေရိကန်ဒေါ်လာသန်း ၃၀၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# မြလေယာဉ်စေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မိတ္ထီလာမြို့နယ်ရှိ မြလေယာဉ်စေတီတော်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ မိတ္ထီလာမြို့ အသောကာရုံရေလည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ အမှူးပြုသော ပင့်သံဃာတော်များ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ လေတပ်စခန်းဌာနချုပ်အသီးသီးမှ ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည် မိသားစုဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသောကာရုံ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် အသောကာရုံဆရာတော်ထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များသည် စေတီတော်အထွတ်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်၍ စေတီတော်ကို လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။**(ယာပုံ)**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များသည် မြလေယာဉ်ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပုံဖြင့် ထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တင်လှူပူဇော်ကြပြီးနောက် ပရိတ်နံ့သာရေများဖြင့် ပက်ဖျန်း၍ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ မြလေယာဉ်စေတီတော်ကို ထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ပြီးနောက် အရံစေတီများသို့ စိန်ဖူးတော်များတင်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့က ဦးဆောင်၍ ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာ အောင်ဂါထာကို ရွတ်ဆိုကြသည်။ ဆက်လက်ပြီး သံဃာတော် အရှင်သူမြတ်များက မြလေယာဉ်စေတီတော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။



ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

လက်ရှိစေတီတော်နေရာသည် ယခင်က စေတီပျက်အုတ်ပုံတစ်ပုံသာဖြစ်ပြီး ၁၉၅၉ ခုနှစ်တွင် တောမရွာသရက်တောကျောင်း ဆရာတော် ဦးမေဏ္ဍကမှဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများဖြင့် လက်ရှိညာဏ်တော် အမြင့် ၅၄ ပေရှိ စေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် မြလေယာဉ် ထီးတော်တင်အဖွဲ့က စေတီတော်ကို ထပ်မံပြုပြင်မွမ်းမံပြီး ထီးတော်အသစ်တင်လှူ၍ စေတီတော်မြတ်ကို မြလေယာဉ်စေတီတော်မြတ်ဟု ဘွဲ့အမည်ပေးခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**

*အမျိုးသားလွှတ်တော်မှ*

**များ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်မရဘဲ လမ်းပိတ်ဆို့နေပါ၍ ယခင်ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်း ပြုလုပ်ပေးရန်အတွက် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ရှင်းလင်းဖြေကြားရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် PTTEPI ရေနံကုမ္ပဏီနှင့် ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေရေးစာချုပ်ချုပ်ဆိုပြီး အကျိုးတူပူးပေါင်း၍ ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကမ်းလွန်လုပ်ကွက် M-9 ရှိ ဇောတိကပလက်ဖောင်းမှ ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို ကံပေါက်ရှိ ဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ တစ်ဆင့် ပိုက်လိုင်းဆက်သွယ်ကာ ပြည်တွင်း အသုံးပြုရန်အတွက် ၂၀၁၄ ခုနှစ် မတ်လမှစတင်၍ လည်းကောင်း၊ ထိုင်းနိုင်ငံသို့ ၂၀၁၄ ခုနှစ် သြဂုတ်လမှစတင်၍ လည်းကောင်း ဓာတ်ငွေ့ပို့လွှတ် ရောင်းချလျက် ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာတွင် ဇောတိက သဘာဝဓာတ်ငွေ့ထိန်းချုပ်ဖြန့်ဖြူးရေးစခန်း တည်ဆောက်မည့်နေရာ ၇၅. ၀၄ ဧကအတွက် မြေယာနှင့်သီးနှံလျော်ကြေး ၁၆၈၈၄၆၂၂၂၅ ကျပ်အား ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပေးလျော်ခဲ့ပါကြောင်း၊ အဆိုပါ ခြံစည်းရိုးပတ်ဝန်းကျင် ခြံရှင်များက ခြံစည်းရိုးတစ်လျှောက် ပတ်လမ်းဖောက်လုပ်ပေးပါရန် ၂၀၁၄ ခုနှစ် မတ်လခန့်ကတည်းက တောင်းဆိုခဲ့ကြခြင်းကြောင့် ပတ်လမ်းဖောက်လုပ်ရန်အတွက် တောင်ကုန်း၊ လျှိုမြောင်များအား လိုအပ်သလို မြေထိုးမြေညှိခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTT-EPI ကုမ္ပဏီတို့အနေဖြင့် ဒေသခံများသွားလာရေး အဆင်ပြေစေရန်အတွက် သင့်တော်သောပတ်လမ်း ဖောက်လုပ်ပေးရန် စီစဉ်ထားရှိခဲ့ပြီးဖြစ်ပါကြောင်း။

ခြံစည်းရိုးပတ်လမ်းကို လမ်းပိတ်ဆို့ခြင်းမရှိဘဲ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ခြံစည်းရိုးမှ ပတ်လမ်းဖောက်ရန် ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၀၆/ ၅/ ၁၀-၁/ ပနအ (ရေဖြူ) စာအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ PTTEPI ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်းတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ခြံပိုင်ရှင်များ စုစုပေါင်း ၉ ဦးပါဝင်သော ကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့ ဖွဲ့စည်းကာ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့မှ ခြံစည်းရိုးမှာ အပြင်ဘက်တွင် သုံးပေအကျယ်သာ လမ်းချန်ထားသော်လည်း တောင်ကုန်းများ၊ ချောင်းများရှိနေခြင်းကြောင့် ခြံစည်းရိုးဘေးရှိ ဥယျာဉ်ခြံများမှာ ဝင်ထွက်သွားလာရေး အခက်အခဲရှိပါကြောင်း၊ ခြံစည်းရိုးပတ်လည်တွင် ယခင် Total ကုမ္ပဏီ၊ Petronas ကုမ္ပဏီများကဲ့သို့ ၁၀ ပေအကျယ်အထိ ပတ်လမ်း ဖောက်လုပ်ပေးသင့်ကြောင်းကို အကြံပြုလာပါကြောင်း။

ယခုအခါ ကွင်းဆင်းစိစစ်ရှာဖွေရေးအဖွဲ့၏ စစ်ဆေးအကြံပြုချက်များကို ရေဖြူမြို့နယ် အုပ်ချုပ်ရေးမှူးထံသို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ပြန်လည်တင်ပြထားခဲ့ပြီး ရေဖြူမြို့နယ် အုပ်ချုပ်ရေးမှူးက ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူးထံသို့ ဆက်လက်တင်ပြ ဆောင်ရွက်ထားဆဲ ဖြစ်ပါကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်ဆုံးဖြတ်ချက်ရရှိပါက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန်အတွက် PTTEPI ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားပြည်သူများအတွက် အဝတ်အထည်များထောက်ပံ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ ညနေ ၃ နာရီတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ ကျင်းပသည့် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးပြည်သူများအတွက် အဝတ်အထည်များထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ ကယားပြည်နယ် ဒီမောဆိုမြို့နယ်နှင့် ရှားတောမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ၁၉ သိန်းခန့်တန်ဖိုးရှိသော အဝတ်အထည်များနှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် ကျိုက်ဒုံအဇင်းဒေသ၊ တိုင်းရင်းသား ပြည်သူများအတွက် ကိုးသိန်းခန့်တန်ဖိုးရှိသော အဝတ် အထည်များကို ထောက်ပံ့ပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဒေါ်နန်းနွဲ့နှင့် ဦးစောထွဋ်ခေါင်လွင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိမ်ရာများ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ထားရှိရေး သတိပြုဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပညာသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် ဓနသိဒ္ဓိရပ်ကွက်များမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ဝန်ထမ်းအိမ်ရာနှင့် အိမ်ရာဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်မှု၊ နှစ်ရှည်ပင်နှင့် ရာသီပေါ်သီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ဝန်ထမ်းအိမ်ရာတိုက်များရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့အပြင် ဒုတိယဝန်ကြီးသည် တိုက်တာဝန်ခံများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံ၍ ကျန်းမာရေး၊ လူမှုရေး၊ နေရေးထိုင်ရေးအခြေအနေများကို မေးမြန်းပြီး အိမ်ရာများ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ထားရှိရေးတို့အတွက် သတိပြုဆောင်ရွက်ထားရှိကြရန်၊ ဝန်ထမ်းအိမ်ရာများ၌ မိသားစုများ စားသုံးနိုင်ရန် တစ်နိုင်တစ်ပိုင်စိုက်ခင်းများ စိုက်ပျိုးထားကြရန်နှင့် စနစ်တကျ နေထိုင်သွားလာကြရန် မှာကြားပြီး တိုက်အလိုက်ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# တိုက်ပွဲရှောင်ပြည်သူများ လောက်ကိုင်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်အခြေပြုနေထိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လောက်ကိုင်ဒေသ၌ ဖေဖော်ဝါရီ ၉ ရက်မှစ၍ တပ်မတော် စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့သဖြင့် လောက်ကိုင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများသည် တစ်ဖက်နိုင်ငံနယ်စပ်နှင့် လားရှိုးမြို့များသို့ တိမ်းရှောင်ရွှေ့ပြောင်းခဲ့ကြသည်။

ယခုအခါ တပ်မတော် စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် လောက်ကိုင်မြို့အတွင်း ပြန်လည်တည်ငြိမ်အေးချမ်းစပြုလာပြီးဖြစ်၍ ဖေဖော်ဝါရီ ၂၄ ရက်တွင် တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၂၃၄ စု၊ လူဦးရေ ၅၁၈ ဦးတို့သည် လောက်ကိုင်မြို့သို့ ပြန်လည်နေထိုင်လျက်ရှိသည်။ အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး စောမြင့်ဦးဦးဆောင်၍ လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်ရဲမှူးကြီး ကောင်းထက်နိုင်နှင့် မြို့မိမြို့ဖများဖြစ်ကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချမ်း၊ ကိုးကန့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ကိုးကန့်လူငယ်အဖွဲ့ ဦးခင်မောင်လွင်တို့က နွေးထွေးစွာကြိုဆိုမှုများပြုလုပ်ခဲ့ပြီး ၎င်းတိုက်ပွဲရှောင်ဒုက္ခသည်များအား ခေါက်ဆွဲခြောက်ထုပ်၊ မုန့်ထုပ်များ၊ အချိုရည်ဘူးများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

လောက်ကိုင်မြို့ အတွင်းသို့ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ အိမ်ထောင်စု ၃၈၉ စု၊ လူဦးရေ ၁၀၅၇ ဦးနှင့် ရွှေ့ပြောင်းလုပ်သား ၂၅၇ ဦး စုစုပေါင်း ၁၃၁၄ ဦးတို့သည် ပြန်လည်ဝင်ရောက် အခြေပြုနေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# လောက်ကိုင်ဒေသမှ နေရပ်ပြန် ပညာရေးဝန်ထမ်းများအား ထောက်ပံ့

**တန့်ဆည် ဖေဖော်ဝါရီ ၂၅**

လောက်ကိုင်ဒေသ၌ တာဝန်ထမ်းဆောင်နေသော နေရပ်ပြန် ပညာရေးဝန်ထမ်း ၁၁ ဦးသည် ဖေဖော်ဝါရီ ၂၃ ရက်က တန့်ဆည်မြို့သို့ ရောက်ရှိလာသည်။ နေရပ်ပြန်အဖွဲ့အား ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်က အားပေးစကားပြောကြားကာ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းထောက်ပံ့၍ နေအိမ်အရောက် ပို့ဆောင်ပေးခဲ့သည်။

**ညိုထွန်း(တန့်ဆည်)**

ပြည်တွင်းသတင်း

## တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီး သန့်ဇော် -၀၉-၇၃၂၀၆၆၉၉၊ ၀၁-၂၅၉၂၆ (ရန်ကုန်)

(၂) ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး -၀၉-၅၂၅၀၉၉၅၊ ၀၇၃-၃၆၀၃၃ (လားရှိုး)

(၃) ဒုတိယဗိုလ်မှူးကြီး စိုးမြင့် -၀၉-၂၀၉၉၀၇၆၊ ၀၃၃-၃၃၀၆၅၊ ၀၃၃-၃၃၀၆၇၊ ၀၃၃-၃၃၀၇၁ (မန္တလေး)

(၄) ဒုတိယဗိုလ်မှူးကြီး ရန်နောင် -၀၉-၃၉၁၀၆၅၃၀၊၀၉-၃၆၁၉၂၉၃၉၊ ၀၃၄-၃၂၀၇၀(တောင်ကြီး)





## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် အမေရိကန်စင်တာတို့ ပူးပေါင်း၍ စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည်မြန်မာတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်မှူးများအရည်အသွေး ပြည့်ဝစေရေးတို့အတွက် The Role of Public Information Centers in Democratic Transition အလုပ်ရုံဆွေးနွေးပွဲကို American Center,Public Affairs Section,U.S Embassy တို့နှင့် ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမေရိကန်သံရုံး Public Diplomacy officer Mr.Peter Fasnacht၊ အမေရိကန်သံရုံး Regional Informantion Resource officer Ms.Wendy Zamanနှင့် တာဝန်ရှိသူများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာကြည့်တိုက်မှူးများ တက်ရောက်ခဲ့ကြသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ စာကြည့်တိုက်မှူး ၅၀ တက်ရောက်ခဲ့ကြပြီး အမေရိကန်သံရုံးမှ Ms. Marguerite Sullivar က ဒီမိုကရေစီတည်ထောင်ရာတွင် ပြည်သူ့ဆက်သွယ်ရေး၏ အရေးပါမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာချစ်နိုင် (စိတ်ပညာ)က မြန်မာနိုင်ငံစာကြည့်တိုက်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ Ms.Wendy Zaman က ပြည်သူ့စာကြည့်တိုက်များနှင့် ဒီမိုကရေစီခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာကြည့်တိုက်ပညာရှင် ဆရာဦးသိန်းလွင်က သတင်းအချက်အလက် ဖြန့်ဝေရာတွင် ပြည်သူ့စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာ ဦးမောင်မောင်ဦး (ဟိန်းလတ်)က ပြည်သူ့စာကြည့်တိုက်များအတွက် လူမှုဆက်သွယ်ရေးသတင်းဌာနများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာ ဦးတင်မောင်လွင်က ပြည်သူ့စာကြည့်တိုက်တစ်ခု၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ခေါင်းစဉ်ဖြင့်လည်းကောင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းကြီးက ကြီးမှူးကျင်းပသည့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တက္ကသိုလ်များ (ရန်ကုန်)လှေလှော်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အသင်းတည်ရှိရာ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျား ကန်၌စတင်ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး လှေလှော်ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ဦးပြိုင်ပွဲ၊ ပဲ့ကိုင်ပါ လေးယောက်ပြိုင်ပွဲ၊ ပဲ့ကိုင်မပါ လေးယောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်တက်လှော်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ နဂါးလှေပြိုင်ပွဲများ အပါအဝင် စုစုပေါင်းပွဲစဉ် ၆၂ ပွဲ ကျင်းပယှဉ်ပြိုင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အုပ်စုပြိုင်ပွဲနှင့် တတိယနေရာလုပွဲပါဝင်ယှဉ်ပြိုင်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် နောက်ဆုံး ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကာ ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **ခင်ချိုဝင်း**



နိုင်ငံတကာသတင်း

## တောင်ကိုရီးယားစတိုးဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား သုံးဦးသေဆုံးကြောင်း ဒေသမီဒီယာပြောကြား

**ဆိုးလ် ဖေဖော်ဝါရီ ၂၅**

တောင်ကိုရီးယားနိုင်ငံ စတိုးဆိုင်တစ်ခု၌ သေနတ်သမားတစ်ဦး ဝင်ရောက် ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာမီဒီယာက ပြောကြားသည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် ဆိုးလ်မြို့မှ ၇၅ မိုင်အကွာ ဆေးဂျုံမြို့၌ အင်္ဂါနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သံသယရှိသူတစ်ဦးကို အဆိုပါမြို့အနီး၌ သေဆုံးလျက်တွေ့ရသည်။ တောင်ကိုရီးယားနိုင်ငံသည် သေနတ်ပစ်ခတ်မှုဆိုင်ရာ ရာဇဝတ်မှု ရှားရှားပါးပါးဖြစ်ခဲ့သည့် နိုင်ငံဖြစ်သည်။ တောင်ကိုရီးယား အမျိုးသားအများစုသည် မဝင်မနေရ စစ်မှုထမ်း ဥပဒေကြောင့် သေနတ်ကျွမ်းကျင်စွာ အသုံးပြုနိုင်ကြသူများဖြစ်သည်။

သို့သော်လည်း တောင်ကိုရီးယားနိုင်ငံတွင် ပုဂ္ဂလိက သေနတ်ပိုင်ဆိုင်မှုကို ပိတ်ပင်ထားသည်။ လုံခြုံရေးတာဝန်ရှိသူများသာ သေနတ်ကိုင်ဆောင်ခွင့်ရှိပြီး တောလိုက်မုဆိုးများသည် ယင်းတို့၏ သေနတ်များကို ရဲစခန်းများ၌ အပ်နှံထားရသည်။

ယင်းပစ်ခတ်မှုမဖြစ်ပွားမီ နှစ်နာရီအလိုတွင် ရဲစခန်းမှ သေနတ်နှစ်လက် ယူဆောင်သွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

၂၀၁၄ ဇွန်လက တောင်ကိုရီးယား တပ်ဖွဲ့ဝင်တစ်ဦးသည် မြောက်ကိုရီးယားနယ်စပ်၌ လုပ်ဖော်ကိုင်ဖက် ငါးဦးအား သေနတ်ဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**



## ယီမင်သမ္မတ နုတ်ထွက်မှုရုပ်သိမ်းပြီး တာဝန်ပြန်လည်ထမ်းဆောင်

**အေဒင် ဖေဖော်ဝါရီ ၂၅**

ယီမင်နိုင်ငံ၏ နုတ်ထွက်ထားသော သမ္မတ အက်ရတ်ဘူမက်ဆိုဟာဒီသည် မြို့တော် ဆာနားမှထွက်ခွာခဲ့ပြီး အေဒင်ဆိပ်ကမ်းမြို့၌ ယခုသီတင်းပတ်အစောပိုင်းတွင် သမ္မတတာဝန်များ ပြန်လည်ထမ်းဆောင်ပြီးနောက် ၎င်း၏ နုတ်ထွက်မှုကို ရုပ်သိမ်းရန် တရားဝင်ဆုံးဖြတ်ခဲ့သည်ဟု သက်ဆိုင်ရာတာဝန်ရှိသူများက ဆင်ဟွာသတင်းထောက်များကို ပြောကြားသည်။

တနင်္လာနေ့ညပိုင်းတွင် သမ္မတ ဟာဒီသည် ၎င်း၏နုတ်ထွက်မှုကို ရုပ်သိမ်းရန် ပါလီမန်အမတ်နှင့် ကိုယ်စားလှယ်များထံသို့ စာရေးသားတင်သွင်းခဲ့သည်ဟု အေဒင်မြို့ အခြေစိုက် ပြည်နယ်အစိုးရက ပြောခဲ့သည်။

ဟာဒီသည် တနင်္ဂနွေနေ့၌ နိုင်ငံ၏ မြောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များမှ စစ်ဘက်ဆိုင်ရာထိပ်တန်း အရာရှိကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်တို့နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ၎င်း၏သမ္မတတာဝန်ကို ပြန်လည်ထမ်းဆောင်ခဲ့သည်။ **(ဆင်ဟွာ)**

## ရုရှားက အီရန်ကို နောက်ဆုံးပေါ် လေကြောင်းရန် ကာကွယ်ရေး ဒုံးစနစ်ကိုကမ်းလှမ်း

**တီဟီရန် ဖေဖော်ဝါရီ ၂၅**

အနောက်အုပ်စု၏ ဖိအားပေးမှုကြောင့် S-300 ဒုံးလက်နက်ကို ထောက်ပံ့ရန် ကတိပြုမှုကို ရုပ်သိမ်းပြီးနောက် ရုရှားက အီရန် ကို၎င်း၏ နောက်ဆုံးပေါ် Antey- 2500 ဒုံးကာကွယ်ရေးစနစ်များ ပေးအပ်ရန် ကမ်းလှမ်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဌာန အကြီးအကဲ ရိုစတက်က ပြောခဲ့သည်။

အီရန်က အဆိုပါကမ်းလှမ်းချက်ကို စဉ်းစားနေကြောင်း ဆာဂျီချိမိဇော့က တနင်္လာနေ့က ပြောကြားချက်ကို ရုရှားတာ့စ်သတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

အီရန်အနေဖြင့် S-300 အစား ရုရှားတို့ကမ်းလှမ်းသော Antey-2500 ကို စဉ်းစားနေကြောင်း၊ မည်သည့်ဆုံးဖြတ်ချက်မှ မချရသေးကြောင်း ချိမိဇော့က ပြောခဲ့သည်။

အီရန်က ချိမိဇော့၏ မှတ်ချက်ကို ချက်ချင်းတုံ့ပြန်မှုမလုပ်ခဲ့ပေ။ ၂၀၀၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော စာချုပ်အရ ရုရှားသည် အီရန်ကို အနည်းဆုံး S-300 ကာကွယ်ရေး စနစ်ငါးခုထောက်ပံ့ပေးရန် ပြောခဲ့သည်။

သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်ကို နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သော အရေးယူပိတ်ဆို့မှုကို အကြောင်းပြု၍ ရုရှားက အီရန်အား အဆိုပါ စနစ်များပေးရန် ငြင်းဆိုခဲ့သည်။

ရုရှား၏ အဆိုပါစနစ်များ အီရန်သို့ပေးရန် ပျက်ကွက်ပြီးနောက် အီရန်သည် ဂျီနီဗာရှိ နိုင်ငံတကာ တရားရုံးတွင် ရုရှားလက်နက်ထုတ်လုပ်ရေး Rosoboronexport ကုမ္ပဏီကို အမှုဖွင့်တရားစွဲဆိုခဲ့သည်။

Antey -2500 စနစ်သည် ၁၉၈၀ မျိုးဆက်ဖြစ်သည့် S-300 V စနစ်ကို အဆင့်မြှင့်ထားခြင်းဖြစ်သည်။ ၎င်းသည် တစ်စက္ကန့်လျှင် ၄၅၀၀ မီတာနှုန်းဖြင့်သွားနေသည့် ဒုံးကျည်ကို ကီလိုမီတာ ၂၅၀၀ အတွင်း တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ S-300 ဒုံးကျည်သည် ၂၀၀ ကီလိုမီတာ အကွာအဝေးထိ ပစ်ခတ်နိုင်သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲများဆက်လက်ကျင်းပ သက်ကြီးအားကစားကလောင်ရှင်ကြီးများ ဂါရဝပြုပွဲ ပြည်ထောင်စုဝန်ကြီး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**၂၀၁၅ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲများအား ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီမှစ၍ နေပြည်တော်ရှိ အားကစားကွင်း/အားကစားရုံအသီးသီး၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပပြုလုပ်သည့် ကီလို(၂၀) အမျိုးသား/အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်းများမှ ပြိုင်ပွဲဝင်အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ကိုးဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးအားကစားရုံ၌ ကျင်းပပြုလုပ်လျက်ရှိသော Triathlon သုံးမျိုးစုံပြိုင်ပွဲ ကျင်းပရာနေရာသို့ ရောက်ရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကြမည့်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသမီး ၁၁ ဦး၊ အမျိုးသား ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာလှေ၊ ကနူး/ကယက်နှင့် အနောက်တိုင်းလှေ အားကစားမောင်/မယ်များ လေ့ကျင့်နေမှုအားလည်းကောင်း၊ Power နှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုနှင့် အားကစားသမားများ ကျန်းမာရေး၊ ဆေးဝါးကုသမှုတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် လှေလှော်အဖွဲ့ချုပ်ရုံးခန်းမ၌ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အုပ်ချုပ်မှုအဖွဲ့၊ အားကစားသမားများ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၊ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့နှင့် ကနူး/ကယက်၊ Rowing နှင့် ရိုးရာလှေလှော်နည်းပြချုပ်များအဖွဲ့၊ ချက်ပြုတ်ကျွေးမွေးရေးအဖွဲ့များအားတွေ့ဆုံ၍ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် လအားဖြင့် သုံးလသာလိုတော့သည့်အတွက် အုပ်ချုပ်မှုအပိုင်းက အထူးကြပ်မတ်ပြီး နည်းပြများမှ Training Programmer အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ရန်လိုကြောင်း၊ အားကစားသမားများအနေဖြင့်လည်း မိမိကိုယ်ကို ယုံကြည်မှုရှိပြီး ကြိုးစားလေ့ကျင့်မှသာလျှင် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည့်အတွက် ၎င်းတို့၏အခက်အခဲများကို တာဝန်ရှိသူများက ဖြည့်ဆည်းကြပ်မတ်ရန် လိုအပ်ကြောင်း၊ အားကစားသမားတစ်ဦးချင်းစီ၏ တိုးတက်/ဆုတ်ယုတ်မှု အခြေအနေများကိုသိရှိပြီး အစဉ်အမြဲတိုးတက်နေစေရေး လေ့ကျင့်ပေးရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် အသက် (၇၀) နှစ်အထက် သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အားကစားစာပေများကို နှစ်ပေါင်းများစွာ ရေးသားပေးခဲ့ကြသည့် လက်ရှိလည်း ရေးသားပေးနေဆဲဖြစ်သည့် အသက် (၇၀) နှစ်အထက် သက်ကြီးဝါရင့်အားကစား ကလောင်ရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် ဂါရဝပြုကန်တော့သည့် အခမ်းအနားဖြစ်ပါကြောင်း၊ အားကစားကလောင်ရှင်ကြီးများ၏ နှစ်ပေါင်းများစွာရေးသားပြုစုထားသည့် အားကစားစာအုပ်/စာပေများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် အားကစားစာကြည့်တိုက်/မော်ကွန်းတိုက်နှင့် ပြတိုက်များတွင် ထားရှိပြသလိုပါကြောင်း၊ စာပေပညာရှင်ကြီးများ၏ မြန်မာ့အားကစားအပေါ် တိုးတက်ရာတိုးတက်ကြောင်း ရေးသားဖော်ပြမှု၊ ဝေဖန်အကြံပြုမှုအပေါ်တွင်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ငွေရှိလျှင် အခြားကိစ္စများကို အလွယ်တကူဖန်တီးလို့ရသော်လည်း အားကစားကို ဖန်တီး၍ မရပါကြောင်း၊ အားကစားမှ ပျော်ရွှင်မှု၊ စိတ်ပင်ပန်းပြေပျောက်မှု၊ ကျန်းမာရေး၊ တစ်ကိုယ်ရေကြိုးစားတတ်မှု၊ စုပေါင်း၍ အောင်မြင်အောင်ကြိုးစားတတ်မှု၊ ပေါင်းသင်းဆက်ဆံမှုနှင့် နယ်မြေဒေသ ဗဟုသုတရရှိမှု စသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည့်အပြင် ထိုအကြောင်းအရာများသည် စာပေ ဖတ်ရှုခြင်းမှရရှိသည့် အသိတရားများဖြစ်ပါကြောင်းဖြင့် ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံအားကစား ကလောင်ရှင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံအားကစား ကလောင်ရှင်အဖွဲ့ချုပ် နာယက ဒေါက်တာတင်ထွန်းဦး၊ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမိုးနှင့် အလှူရှင်များက ဂုဏ်ပြုငွေနှင့် လက်ဆောင်ပစ္စည်းများ ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်ပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအားကစား ကလောင်ရှင်အဖွဲ့ချုပ် မတည်ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် အလှူငွေကျပ် ၁၀ သိန်းအား လည်းကောင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ငွေကျပ် ၁၀ သိန်းအားလည်းကောင်း၊ Inside ဂျာနယ်နှင့် Chennel အားကစားဂျာနယ်ထုတ်ဝေသူ ဒေါက်တာညီညီလတ်နှင့် Eleven Media Group တို့က အလှူငွေကျပ် သုံးသိန်းစီအား လည်းကောင်း၊ Winner Sports အားကစားပစ္စည်းဆိုင်က အလှူငွေကျပ်နှစ်သိန်းနှင့် အားကစားလောကမှ သတင်းမီဒီယာဂျာနယ်တိုက်များကလည်း အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအားကစား ကလောင်အဖွဲ့ချုပ် နာယက ဒေါက်တာတင်ထွန်းဦးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီးနောက် သက်ကြီးဝါရင့်အားကစားကလောင်ရှင် ပျဉ်းမနားဦးခင်မောင်ထွေးက ကျေးဇူးတင်စကားပြောကြားပြီး သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

ယနေ့ အသက်(၇၀)နှစ်အထက် သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများ ၂၀ တို့အား ဂါရဝဂုဏ်ပြုရာတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ငွေကျပ်နှစ်သိန်းစီနှင့် အားကစားဝတ်စုံ၊ အားဆေးများကိုလည်းကောင်း၊ မြန်မာနိုင်ငံအားကစား ကလောင်ရှင်အဖွဲ့ချုပ်မှ ငွေကျပ်နှစ်သိန်းစီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ငွေကျပ်တစ်သိန်းစီတို့အား လည်းကောင်း ဂါရဝဂုဏ်ပြု လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

သတင်းနှင့်ဓာတ်ပုံ
ကိုကိုစိုးညွန့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၅ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဘောလုံး၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင် တင်းနစ်၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁၌ အမျိုးသမီး သံလုံးပစ်၊ အမျိုးသားသုံးဆင့်ခုန်၊ အမျိုးသမီးမီတာ ၁၀၀ တန်းကျော်၊ အမျိုးသားမီတာ ၁၁၀ တန်းကျော် ပြိုင်ပွဲ**(ယာပုံ)**များကို ကျင်းပရာ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် နော်ရီရီသန့် (ကရင်)က ၁၁ ဒသမ ၇၄ မီတာဖြင့် ပထမ၊ စိုးစိုးထွေး(မကွေး)က ၁၁ ဒသမ ၄၄ မီတာဖြင့် ဒုတိယ၊ အေးမွန်ခင် (နေပြည်တော်)က ၁၁ ဒသမ ၃၆မီတာဖြင့် တတိယ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် အေးချမ်းပိုင် (ရန်ကုန်)က ၁၃ ဒသမ ၆၉မီတာဖြင့် ပထမ၊ အောင်ကျော်မင်း(မကွေး)က ၁၃ ဒသမ ၆၅ မီတာဖြင့် ဒုတိယ၊ ဇင်ကိုကို (ပဲခူး)က ၁၃ ဒသမ ၃၈ မီတာဖြင့် တတိယ၊ အမျိုးသမီးမီတာ ၁၀၀တန်းကျော်ပြိုင်ပွဲတွင် မိုးမိုးမြင့် (မန္တလေး)က ၁၅ ဒသမ ၆၇စက္ကန့်ဖြင့် ပထမ၊ နှင်းဝတ်ရည် (မန္တလေး)က ၁၆ ဒသမ ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ မြင့်မြင့်ဝင်း(ဧရာဝတီ)က ၁၇ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် စိုးမိုးဝင်း(မကွေး)က ၁၅ ဒသမ ၄၇ စက္ကန့်ဖြင့် ပထမ၊ ကျော်မျိုးမင်း (ရန်ကုန်)က ၁၅ ဒသမ ၅၉စက္ကန့်ဖြင့် ဒုတိယ၊ ဇွဲထက်နောင် (မကွေး)က ၁၅ ဒသမ ၈၁ စက္ကန့်ဖြင့် တတိယ ရရှိကြသည်။

အမျိုးသမီး ဘောလုံးအကြိုဗိုလ်လုပွဲကို လေ့ကျင့်ရေးကွင်း-၃၌ ကျင်းပရာ နေပြည်တော်က ဧရာဝတီကို ၂-၁ ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်က ရှမ်းကို ပွဲပြီးခါနီး နာကျင်အချိန်ပို၌ အနိုင်ဂိုးသွင်းကာ (၁-၀) ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ကြပြီး အမျိုးသား ဘောလုံးအကြိုဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ကရင်က ချင်းကို (၂-၁) ဂိုးဖြင့်လည်းကောင်း၊ မန္တလေးက ပဲခူးကို ပင်နယ်တီ အဆုံးအဖြတ်တွင် (၅-၃) ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ကြသည်။

ဘတ်စကက်ဘော ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ကချင်က ကရင်ကို (၆၅-၃၈) မှတ်ဖြင့် လည်းကောင်း၊ ရှမ်းက ရန်ကုန်ကို (၇၀-၅၅) မှတ်ဖြင့်လည်းကောင်း အမျိုးသမီးပွဲစဉ်တွင် ဧရာဝတီက မန္တလေးကို (၅၂-၂၅) မှတ်ဖြင့်လည်းကောင်း၊ ပဲခူးက မကွေးကို (၇၁-၂၀)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းက မွန်ကို (၅၄-၅၀)မှတ်ဖြင့် လည်းကောင်း အနိုင်ရကြသည်။



ဘော်လီဘောအမျိုးသားရှုံးထွက်ပြိုင်ပွဲများကို နံနက် ၈ နာရီတွင် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ရှမ်းက ပဲခူးကို (၃-၀) ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်က ဧရာဝတီကို (၃-၀) ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းက မန္တလေးကို (၃-၂)ပွဲဖြင့်လည်းကောင်း၊ ရခိုင်က မွန်ကို (၃-၀)ပွဲဖြင့်လည်းကောင်း အနိုင်ရကြပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ(၃)ယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲစဉ်များကို နံနက် ၈နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ-B ၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ပဲခူးက ရန်ကုန်ကို (၂-၀) ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် ရခိုင်က မန္တလေးကို (၂-၀)ပွဲဖြင့် လည်းကောင်းအနိုင်ရဗိုလ်စွဲကြသည်။

လက်ဝှေ့ပြိုင်ပွဲများကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၄၉ ကီလိုတန်းတွင် မင်းခိုင်(ရှမ်း)က လည်းကောင်း၊ ၅၂ ကီလိုတန်းတွင် ချစ်ရင်ထူး(ပဲခူး)က လည်းကောင်း၊ ၅၆ကီလိုတန်းတွင် နိုင်လတ် (ဧရာဝတီ)၊ ဘော်ဇာ(စစ်ကိုင်း)နှင့် စောလှအောင်(ကရင်)တို့က လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ဖြိုးမောင်မောင် (ဧရာဝတီ)၊ အောင်ပြည့်ဖြိုး(မွန်)နှင့် ထွန်းထွန်းဦး (ရခိုင်)တို့က လည်းကောင်း၊ ၆၄ ကီလိုတန်းတွင် ထက်အာကာနိုင်(စစ်ကိုင်း)နှင့် မိုးဇော်ထက် (မန္တလေး)တို့ကလည်းကောင်း၊ ၆၉ ကီလိုတန်းတွင် ရဲလင်းထွန်း(မန္တလေး) နှင့် မျိုးကျော်သူ(ဧရာဝတီ) တို့က လည်းကောင်း၊ ၇၅ ကီလိုတန်းတွင် ဝေလင်းအောင် (ရှမ်း) က လည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဖူဆယ်ပြိုင်ပွဲကို ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသမီး အကြိုဗိုလ်လုပွဲစဉ်တွင် ပဲခူးက ရှမ်းကို (၅-၁)ဂိုးဖြင့် လည်းကောင်း၊ မန္တလေးက ဧရာဝတီကို (၅-၂) ဂိုးဖြင့် လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ကြပြီး အမျိုးသားဗိုလ်လုပွဲတွင် ကချင်က စစ်ကိုင်းကို (၄-၀) ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

✳ ကျောဖုံးမှ

တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ပါဟန်းအသင်းတစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ယင်းပယ်နယ်တီကို မက်ဆီမင်ကကန်သွင်းယူခဲ့၍ ရတနာပုံအသင်း ဒုတိယချေပဂိုးရခဲ့သည်။ တစ်ယောက် အသာရသွားသည့် ရတနာပုံအသင်းမှာ အနိုင်ဂိုးရရှိရန် တရစပ်ဖိကစားခဲ့ပြီး မိနစ် ၇၀ တွင် ပယ်နယ်တီ ကန်ခွင့်ထပ်မံရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို မက်ဆီမင်က ထပ်မံကန်သွင်းရာ လွဲချော်သွား၍ ရတနာပုံ နစ်နာခဲ့ရသည်။ ပါဟန်းအသင်းမှာ တစ်ယောက်လျော့သွားသော်လည်း ကစားကွက်ပျက်မသွားဘဲ အနိုင်ဂိုးကို ၈၉ မိနစ်တွင် ဂိုပီက သွင်းယူခဲ့သည်။

## ထူးခြားသည့် ညအပူချိန်များ

၂၅-၂-၂၀၁၅

ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၅ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့
၅ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၆ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
၆ ဒီဂရီစင်တီဂရိတ်




# မူဆယ်မြို့ နှစ်နိုင်ငံနယ်စပ် ခိုးဝင်ထွက်ပေါက်အနီး ငွေကျပ် ၂၆၄ သိန်းရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**မူဆယ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ နှစ်နိုင်ငံနယ်စပ် ခိုးဝင်ထွက်ပေါက်အနီး၌ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မြို့ပေါ်လှုပ်ရှားအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ငွေကျပ် ၂၆၄ သိန်းတန်ဖိုးရှိသည့် ဘိန်းဖြူများကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က မူဆယ်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မြို့ပေါ်လှုပ်ရှားအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမှုတိုရပ်ကွက် ငွေဆင်အိမ်ရာဝင်းအနီးရှိ နှစ်နိုင်ငံနယ်စပ် ခိုးဝင်ထွက်ပေါက်အနီး၌ ဟန်မင်းထက်(ခ)ဖာရွတ်ကို မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးရာမှ အဆိုပါ ဘိန်းဖြူများကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း သိရသည်။

ရှာဖွေရရှိသော ဘိန်းဖြူများသည် ၄င်း၏ ယာဘက်၌ ဆွဲကိုင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်း ခေါက်ဆွဲခြောက်ထုပ်၊ အာလူးကြော်ထုပ်တို့ဖြင့် ဖုံးအုပ်ပြီး အသင့်စားခေါက်ဆွဲထုပ်အခွံအတွင်း အဝါရောင်တိပ်ဖြင့်ပတ်ကာ ထည့်ထားပြီး ဘိန်းဖြူဘလောက်တုံး တစ်တုံးလျှင် အလေးချိန် ၃၃၀ ဂရမ်ခန့်စီရှိပြီး ဘိန်းဖြူဘလောက်တုံး စုစုပေါင်း လေးတုံး စုစုပေါင်း အလေးချိန် ၁ ဒသမ ၃၂ ကီလိုဂရမ်ခန့် ရှိပြီး ကာလတန်ဖိုးငွေကျပ် ၂၆၄ သိန်းရှိကြောင်း မူးယစ်ရဲတပ်ဖွဲ့မှ သိရသည်။

ဆက်လက်၍ ဖမ်းဆီးရမိထားပြီးဖြစ်သော မူးယစ်ဆေးဝါးများကို လက်ဝယ်တွေ့ရှိသူနှင့်အတူ မူးယစ်ဆေးဝါးများကို တရုတ်နိုင်ငံအတွင်းသို့ ယူဆောင်ရန်စေခိုင်းသည့် ဖမ်းဆီးမရမိသေးသူတို့ကို မူဆယ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီ)**

ပြည်တွင်းသတင်း

# မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**မကွေး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး သစ်ရာကောက်အုပ်စု စိုင်းကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၂ နာရီက အိမ်ရှင် ဒေါ်ခင်ရီ၏ နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုကြောင့် စိုင်းကြီးကျေးရွာရှိ အိမ်ရှင် ဒေါ်ခင်ရီ၏ သွပ်မိုးကြမ်းခင်းနေအိမ်အပါအဝင် နေအိမ်လေးလုံး မီးလောင်ကျွမ်းခံခဲ့ရပြီး နှမ်းတင်း ၁၁၀ နှင့် ပဲ ၁၉ တင်း မီးလောင်ကျွမ်းခဲ့သည်။

မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်ပြုံးရှိန်(၄၀ နှစ်)ကို သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရှုလိုင်မိုး**

# ဖန်းမောက်မြို့နယ် အင်းပေါက်ရွာအနီး ရွှေတူးဖော်ရာမှ လူတစ်ဦး မြေပိသေဆုံး

**ဖန်းမောက် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်အင်းပေါက်ရွာအနီး လူတစ်ဦးမြေပိသေဆုံးကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲခန့်က မံထုံရဲကင်းမှူး ဒုရဲအုပ်ဉာဏ်တင်သည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် အင်းပေါက်ရွာ မဲဇာအရှေ့ဘက်ကမ်းသဲသောင်ခုံအနီး ရွှေကျင်းဟောင်း၌ ရွှေတူးဖော်ရာမှ မြေကမ်းပါးပြိုကျ၍ လူတစ်ဦးမြေပိသေဆုံးကြောင်း သိရ၍ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝိုင်းချစ်(ခ)ဟိန်းထက်အောင် စက်တောကျေးရွာ ဖန်းမောက်မြို့နယ်နေသူဖြစ်ပြီး ၎င်းသည် တစ်ရွာတည်းနေ ခင်ဇော်အောင်၊ ကျော်အေး၊ သန့်ဇင်ထွန်းတို့နှင့်အတူ ယခင် ရွှေမျှော ကျင်းဟောင်း၌ ရွှေတူးဖော်နေစဉ် ရုတ်တရက် မြေကမ်းပါးပြိုကျ၍ ဝိုင်းချစ်(ခ)ဟိန်းထက်အောင်သည် မြေပိသေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိ ရသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှုသေခင်းဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု မှန်သမျှ တိုက်ဖျက်ကြ

ဆရာငွေး အင်္ဂလိပ်စာ သဒ္ဒါ
Speaking
Ph: 01-375970, 0951 72096, 09254541441

ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်တင်တင်ဝေပိုင် အမှတ် ၁၂၄၁(က)၊ စိန်မြရုံချယ်လမ်း၊ (၅၆)ရပ်ကွက် ဦးရဲမြင့်အမည်ဖြင့် မြေချပါမစ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဒေါ်တင်တင်ဝေ ဖုန်း-၀၉-၂၅၄၅၇၀၆၈၀

ရွှေထူးလှိုင်
Ph : 09450044494, 09450044496, 389820

ခြံရောင်းမည်
မ/ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗထူးကျောကပ် (၄၀'×၆၀')၊ ပါမစ်(မြေသီးသန့်)။
ဖုန်း-၀၉-၄၂၀၀၉၃၄၈၅၊ ၀၉-၁၀၁၆၇၁၆၂

ရောင်းမည်
ဂရန်မြေ (1600 sq-ft), 2 1/2 RC
ပါရမီ မဥ္ဇူလမ်း
(အဆင့်မြင့်ပြင်ဆင်ပြီး) 4800 L
ဖုန်း-၀၉-၇၃၄၉၁၃၃၉၊ ၀၉-၅၀၉၅၅၁၂

Junction
(1) Ph:571545, 09-5126882
(2) Ph:200917,09-43122884
(3) Ph:566592,09-421008133

LMA
ISO 9001:2008 နှင့် GMP Lwin Myint Aung Industrial Co.,Ltd.



ပြည်တွင်းသတင်း

# မီးပုံးပျံဖြင့် ဒေသရှုခင်းများကို ကြည့်ရှုခြင်းအပေါ် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားလာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ၌ နိုင်ငံခြားခရီးသွားဧည့်သည်များ လည်ပတ်သွားလာနိုင်သည့်ခရီးစဉ် ဒေသအများအပြားရှိနေသကဲ့သို့ ခရီးသွားလုပ်ငန်းအမျိုးအစားများစွာကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ရာ ၎င်းတို့အနက်မှ အပန်းဖြေခရီးသွားလုပ်ငန်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများသို့ သွားရောက်လေ့လာနိုင်သည့် ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ စွန့်စားသွားလာသည့်ခရီးသွားလုပ်ငန်း၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခရီးသွားလုပ်ငန်း၊ အပျော်စီး သင်္ဘောခရီးသွားလုပ်ငန်းနှင့် မီးပုံးပျံခရီးသွားလုပ်ငန်းကို အဓိက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မီးပုံးပျံခရီးစဉ်များသည် ခရီးသွားဧည့်သည်များ နိုင်ငံတကာအဆင့်မီ မီးပုံးပျံများကိုစီး၍ ခရီးစဉ်ဒေသများ၏ အလှအပရှုခင်းများကို ကောင်းကင်ထက်မှ ကြည့်ရှုခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ အဆိုပါ မီးပုံးပျံခရီးစဉ်များကို စိတ်ပါဝင်စားပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားဧည့်သည်များ ပိုမိုများပြားလာသည်နှင့်အမျှ ၎င်းကဲ့သို့ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းအပေါ်တွင်လည်း လူအများစိတ်ဝင်စားမှု ပိုမိုရှိလာသည်ကို တွေ့ရသည်။



ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မီးပုံးပျံဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ဆောင်ရေးလုပ်ငန်း လိုင်စင်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များဖြင့် Balloon Over Bagan (ရွှေလေတံခွန်ခရီးသွားလုပ်ငန်း)သို့ မီးပုံးပျံဖြင့် ကမ္ဘာလှည့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ကို ခွင့်ပြုပေးခဲ့သည်။ ယခုအခါ ခရီးသွားကုမ္ပဏီ သုံးခုတို့သည် မီးပုံးပျံဖြင့်ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြပြီဖြစ်သည်။

လက်ရှိတွင် Balloon Over Bagan(ရွှေလေတံခွန်ခရီးသွားလုပ်ငန်း) သည် မီးပုံးပျံ ၁၂ လုံးဖြင့်လည်းကောင်း၊ Myanmar Bolloning Co.,Ltd. သည် မီးပုံးပျံခြောက်လုံးဖြင့် လည်းကောင်း၊ Golden Express Tour Co.,Ltd. သည်မီးပုံးပျံသုံးလုံးဖြင့်လည်းကောင်း လုပ်ငန်းဆောင်ရွက်နေကြပြီး အဓိကအားဖြင့် ပုဂံဒေသတွင် ကမ္ဘာလှည့်ခရီးသည်များအား ပို့ဆောင်ဝန်ဆောင်မှုပေးနေသည်။ နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ဟိုတယ်များတွင် တည်းခိုရာ၌ ဈေးနှုန်းသက်သာမှုကို ရွေးကောင်းရွေးနိုင်သော်လည်း ပုဂံဒေသ၏ရှုခင်းများကို ကောင်းကင်မှကြည့်ရှုခံစားနိုင်သည့် မီးပုံးပျံစီးခြင်းအတွက် တစ်ဦးလျှင် စီးနင်းခ ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၅၀ မှ ၃၈၀ အထိရှိသည့်တိုင်အောင် စီးနင်းသူအများအပြားရှိနေသည်ကို တွေ့ရှိရသည်။ မီးပုံးပျံစီးရာတွင် ပုဂံဒေသ၏ရှုခင်းများကို ကောင်းကင်မှ ၄၅ မိနစ်ခန့် ခံစားကြည့်ရှုနိုင်ပြီး နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် တစ်နေ့လျှင် နှစ်ကြိမ်ပျံသန်း ဝန်ဆောင်မှုပေးနေသည်။ အများအားဖြင့် ဂျာမန်၊ ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံသားများ အစီးများကြပြီး အာရှတိုက်မှ ဂျပန်၊ တရုတ်၊ ကိုရီးယားလူမျိုးများလည်း စီးနင်းကြကြောင်း တွေ့ရှိရသည်။ မီးပုံးပျံ စီးနင်းသူအရေအတွက်မှာလည်း ၂၀၁၀ ပြည့်နှစ်တွင် ၄၈၈၆ ဦးရှိပြီး ၎င်းလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇ သန်းရရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် စီးနင်းသူ ၁၁၃၆၂ ဦးဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀ သန်းနှင့် ၂၀၁၄ ခုနှစ်တွင် စီးနင်းသူ ၁၇၈၀၂ ဦး ဝင်ငွေ US$ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃ သန်းအထိ တိုးတက်လာခဲ့ကြကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ မီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းကို အခြားခရီးစဉ် ဒေသများဖြစ်သည့် အင်းလေးဒေသ၊ မန္တလေးဒေသ၊ စစ်ကိုင်း/မုံရွာဒေသစ သည်တို့တွင် လည်းဖြစ်နိုင်ခြေ ဆန်းစစ်တွက်ချက်၍ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်သည်။

မီးပုံးပျံစီးနင်းခြင်းသည် တိမ်များအကြား ရွက်လွှင့်နေသကဲ့သို့ ခံစားနိုင်ခြင်း၊ ရေပြင်မြေပြင်ကဲ့သို့တုန်ခါမှုလှိုင်းရှိမှုတို့ကို မခံစားရဘဲ ငြိမ်သက်၍ လေဟုန်စီးနိုင်ခြင်း၊ မြေပြင်ရှိ သဘာဝရှုခင်းများကို ကောင်းကင်မှထူးခြားသော ခံစားမှုဖြင့် ကြည့်ရှုနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ပိုမိုစိတ်ဝင်စားလာကြသည်ကို တွေ့ရှိရပါသည်။ မီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် စီးနင်းသူနှင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမဖြစ်စေရေးအတွက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ လိုအပ်သောပံ့ပိုးမှုများပြုလုပ်ပေးခြင်း၊ သက်ဆိုင်ရာ ခရီးသွားကုမ္ပဏီများအနေဖြင့်လည်း မိမိတို့၏ဝန်ဆောင်မှုအပေါ် အပြည့်အဝတာဝန်ယူမှုများဖြင့် ဆောင်ရွက်ခြင်းဖြင့် မီးပုံးပျံခရီးစဉ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**(သတင်းစဉ်)**

**မီးပုံးပျံစီးနင်းခြင်းသည် တိမ်များအကြားရွက်လွှင့်နေသကဲ့သို့ ခံစားနိုင်ခြင်း၊ ရေပြင်မြေပြင်ကဲ့သို့ တုန်ခါမှုလှိုင်းရှိမှုတို့ကိုမခံစားရဘဲ ငြိမ်သက်၍ လေဟုန်စီးနိုင်ခြင်း၊ မြေပြင်ရှိ သဘာဝရှုခင်းများကို ကောင်းကင်မှထူးခြားသောခံစားမှုဖြင့် ကြည့်ရှုနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ပိုမိုစိတ်ဝင်စားလာ**

# ကမ္ဘာလှည့်ခရီးသွား ခေတ်ဟောင်းမော်တော်ယာဉ်တန်းဖြင့် လာရောက်လည်ပတ်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံသို့ ခေတ်ဟောင်းမော်တော်ယာဉ်များဖြင့် လည်ပတ်လေ့လာရန် ရောက်ရှိနေသော ကမ္ဘာလှည့် ခရီးသွားယာဉ်တန်းကြီးသည် ဖေဖော်ဝါရီ ၂၃ ရက် က ရှမ်းပြည်နယ်(တောင်ပိုင်း)အင်းလေးမှ မန္တလေးမြို့သို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။



အဆိုပါ ယာဉ်တန်းကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ကြီးကြပ်မှု၊ Essence of Myanmar Travel @ Tours Co.,Ltd. ၏ အစီအစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသွား ၁၅၃ ဦး လိုက်ပါလျက် ခေတ်ဟောင်းမော်တော်ယာဉ် ၇၅ စီးဖြင့် မြဝတီနယ်စပ်ပေါက်မှ တစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင် မော်လမြိုင်မြို့တွင် ညအိပ်ရပ်နားပြီး ဖေဖော်ဝါရီ ၂၁ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိရပ်နားကာ ဖေဖော်ဝါရီ ၂၂ ရက် နံနက်တွင် အင်းလေးသို့ ဆက်လက်ထွက်ခွာပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိလာခဲ့ရာ ဟိုတယ်နှင့်ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့သည်။

"ဒီအဖွဲ့က စင်ကာပူ၊ မလေးရှား၊ ထိုင်းနဲ့ မြန်မာနိုင်ငံတွေကို ခေတ်ဟောင်းကားတွေနဲ့ လှည့်လည်သွားလာပြီး လေ့လာတဲ့အဖွဲ့ပါ။ ကျွန်တော်တို့ ကုမ္ပဏီက မြန်မာနိုင်ငံကို ဝင်ရောက်လာတဲ့အခါ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်အောင် တာဝန်ယူပေးရပါတယ်။ ဒီလုပ်ငန်းကို တာဝန်ယူလုပ်ဆောင်ဖို့ တစ်နှစ်လောက် အချိန်ယူပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြင်ဆင်ထားရပါတယ်။ ရောက်တဲ့နေရာတိုင်းမှာလည်း သက်ဆိုင်ရာ ဒေသတာဝန်ရှိသူတွေက အစစအရာရာ အကူအညီပေးတဲ့အတွက် အခက်အခဲဆိုတာ မရှိပါဘူး။ မြန်မာနိုင်ငံခရီးစဉ်က ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ဖြစ်ပါတယ်" ဟု Essence of Myanmar Travel @ Tours Co.,Ltd. မှ ကိုဝင်းထွန်းက ပြောသည်။

ကမ္ဘာလှည့် ခရီးသွားအဖွဲ့မှ အင်္ဂလန်နိုင်ငံသား တစ်ဦးကလည်း "ကားဟောင်းကြီးတွေနဲ့ နိုင်ငံစုံကို အခုလိုလည်ပတ်ရတာ ပင်ပန်းပေမယ့် ဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံရဲ့ သာယာလှပတဲ့ သဘာဝတွေကို စုံစုံလင်လင်ကြည့်ရတဲ့အတွက် လန်းဆန်းမှုတွေကို ရရှိခဲ့ပါတယ်" ဟု ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

သတင်းတို

## အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၅**

မိတ္ထီလာတက္ကသိုလ်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်လိုသည့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေနှင့် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိကြောင်း၊ အမျိုးသားပညာရေးဥပဒေ(မူကြမ်း)တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ကောင်းစွာသိရှိနားလည်စေရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အမျိုးသားပညာရေးဥပဒေ(မူကြမ်း)တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များအကြောင်းကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြောင်း သိရသည်။

**(၄၃၅)**

ပြည်တွင်းသတင်း

## ခင်ပွန်းကြီး(၁၀)ပါး သတိထားပါ

'ခင်ပွန်း'ဟူသော မြန်မာစကားကို ကြားဖူးကြပါတယ်။ "အဆွေခင်ပွန်း"။ (အားကိုးလောက်သောမိတ်ဆွေ)၊ 'ခင်ပွန်းသည်=(အိမ်ထောင်ဖက်ယောကျ်ား)ခင်ပွန်းကြီးမိတ်ဆွေထက်ပိုပြီးမြင့်မြတ်သော၊ အားထားလောက်သောပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရပါသည်။

ခင်ပွန်းကြီး (၁၀)ပါးမှာ (၁)သဗ္ဗညုတမြတ်စွာဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃)အဂ္ဂ သာဝက၊ (၄)သာမန်ရဟန္တာ၊ (၅)ဘဝအဆက်ဆက်က မိခင်၊ (၆)ဘဝအဆက်ဆက်က ဖခင်၊ (၇)ဘဝအဆက်ဆက်က အတတ်ပညာသင်ကြားပေး၍ လိမ္မာစေရန် ဆုံးမခဲ့သောဆရာသမား၊ (၈)သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံအောင် အားထုတ်နေသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်၊ (၉) တရားဓမ္မတို့ကို ဟောပြောပြသပေးသော တရားဟောပုဂ္ဂိုလ်၊ (၁၀)ကျွေးမွေးထောက်မဖူးသော၊ အရိပ်အာဝါသပေးဖူးသောပုဂ္ဂိုလ်ဟူ၍ ဖြစ်ပါသည်။

ယခုစာရေးသူတင်ပြလိုသည်မှာ ပွင့်လင်းရာသီရောက်တော့မည်ဖြစ်၍ နေ့စဉ် သတင်းစာများ၌ ပါနေတတ်သော သက်ကြီးပူဇော်ပွဲများ၊ အာစရိယပူဇော်ပွဲများနှင့် ပတ်သက်ပါသည်။ ထိုပူဇော်ပွဲများသည်ဗုဒ္ဓဘာသာမြန်မာနိုင်ငံ၌ အများဆုံးကျင်းပသော၊ အလွန်နှစ်သက်မြတ်နိုးဖွယ်ကောင်းသည့် ပွဲများ ဖြစ်ပါသည်။ မင်္ဂလာတရားနှင့်ညီသော ပွဲများလည်းဖြစ်ပါသည်။

"လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဟူသော ဆိုစကားအတိုင်း မွေးဖွားစကပင်မိခင်နို့ချိုစို့တတ်အောင်၊ ထိုမှတစ်ဆင့် ထမင်းခွံ့သည်ကို စားတတ်အောင်၊ မတ်တတ်ရပ်တတ်အောင်၊ လမ်းလျှောက်တတ်အောင် အဆင့်ဆင့်သင်ကြားပေးသူများသည်မိဘများပင်ဖြစ်ပါသည်။ ကျောင်းနေနိုင်သောအရွယ်ရောက်သည်နှင့်မူကြိုကျောင်းသို့ပို့ခြင်း၊ ထိုမှတစ်ဆင့်မူလတန်းကျောင်းသို့ပို့ခြင်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသို့ ပို့ခြင်းဟူ၍ ပညာသင်ကျောင်းများသို့ ပို့ကြပါသည်။

ထိုသို့ကျောင်းသားဘဝရောက်သည်နှင့် ကျောင်းသင်ဆရာများသည် ဒုတိယ အားကိုးအားထားရသောသူများဖြစ်လာပါသည်။ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန် သင့်ရာအပ်ပို့"ဟူသော ဆရာကျင့်ဝတ်များအတိုင်း တာဝန်ကျေအောင် မေတ္တာစေတနာရှေ့ထားပြီးသင်ကြားပေးခဲ့ကြပါသည်။ ထို့ကြောင့် လူ့လောကဇာတ်ခုံပေါ်သို့ တင့်တင့်တယ်တယ်ရောက်လာနိုင်ကြသည် မဟုတ်ပါလော။

ထို့ကြောင့် လူ့လောကဇာတ်ခုံပေါ်၌ တင့်တယ်စွာရပ်တည်နိုင်သူများသည် ဆရာသမားများ၏ ကျေးဇူးတရားများကို မမေ့ထားသင့်ပါပေ။ ပူဇော်ပွဲရှိသည်ဟု ကြားသည်နှင့်စိတ်ပါလက်ပါ သက်ဆိုင်ရာကျောင်းသို့ ဆက်သွယ်၍ မိမိတို့တတ်စွမ်းသမျှ အလှူငွေပါဝင်ခြင်း၊ ကိုယ်တိုင်သွား၍ ကန်တော့ခြင်း ပြုအပ်ပါသည်။ အချို့အဆင့်မြင့်ရောက်နေ၍ မာန်တက်နေသူများသည် "အလှူငွေထည့်လျှင် ပြီးရောပေါ့။ သွားစရာမလိုပါဘူး" ဟုပြောကြပါသည်။ ဤစကားသည်မပြောသင့်သော စကားဖြစ်ပါသည်။ ဆရာသမားများသည် တစ်နှစ်တစ်ခါကျင်းပသော ပူဇော်ငွေဖြင့် အသက်ရှင်နေထိုင်နိုင်ကြခြင်း မဟုတ်ပါ။ မိမိတို့ ရှာဖွေလုပ်ကိုင်ထားသောငွေကို အရင်းအနှီးပြု၍သင့်တင့်စွာနေနိုင်ကြသူများ၊ မိဘအမွေအနှစ်ရှိ၍ တင့်တယ်စွာနေနိုင်သူများ၊ ကျေးဇူးသိတတ်သော သားသမီးများ၏ပံ့ပိုးမှုကြောင့် မူလကထက်ပိုပြီး ချမ်းသာစွာ နေနိုင်သူများဟူ၍ ကိုယ့်ကံအကျိုးပေးအတိုင်း ရပ်တည်နေကြခြင်းဖြစ်ပါသည်။ တစ်နှစ်တစ်ခါ ကန်တော့ကြသောငွေဖြင့် ရပ်တည်နေကြခြင်းမဟုတ်ပါပေ။

သို့သော် ပူဇော်ပွဲသို့ကြွလာကြသည့် ဆရာများသည် မိမိတို့၏ တပည့်ဟောင်းများနှင့် တွေ့ရသောအခါ ကွဲကွာနေသော သားသမီးများနှင့် ပြန်တွေ့ရသကဲ့သို့ အလွန်ပျော်ကြပါသည်။ စိတ်ထားမှန်သော တပည့်များသည်လည်း ထိုနည်းတူစွာပင် ကွဲကွာနေရသောမိဘများနှင့် ပြန်တွေ့ရသကဲ့သို့ အလွန်ပျော်ရွှင်အားရဖြစ်ကြပါသည်။ ဤသည်ကား အာစရိယပူဇော်ပွဲကြီး၏ အဖိုးမဖြတ်နိုင်သော ရလဒ်ကြီးပင်ဖြစ်ပါသည်။

အတွေးအခေါ်လွဲမှားပြီး ငွေသာအလှူထည့်မည် မသွားချင်ပါဟူသော တပည့်များကို ပြောချင်ပါသည်။ ဆရာသမားများသည် မိမိတို့ ငယ်စဉ်ကာလကျောင်းသားဘဝက မြင်တွေ့ခဲ့သော ရုပ်ရည်မျိုး၊ ကျန်းမာရေးမျိုး မရှိကြတော့ပါ။ အိုမင်းမစွမ်းဖြစ်၍ ဆံဖြူသွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ တုတ်ထောက်လမ်းလျှောက်နေရသော ဘဝမျိုးဖြစ်နေကြပေပြီ။

စာနာတတ်သော တပည့်အချို့က ဆရာသမားများ၏ ကျန်းမာရေးကို စောင့်ရှောက်ရန် ၁၀ ယောက် အဖွဲ့ဖွဲ့၍ တယ်လီဖုန်းနံပါတ်များပါသည့် စာရွက်များ ကမ်းထားပါသည်။ ထိုစာရွက်ပါ ဖုန်းနံပါတ်အတိုင်း စာရေးသူတစ်ခါက ခေါ်ဖူးပါသည်။ အိပ်ရာကနိုးသည်နှင့် ခြေထောက်အကြောကပ်ပြီး လမ်းမလျှောက်နိုင်သည့် ရောဂါဖြစ်၍ ခေါ်လိုက်ပါသည်။ မကြာခင်တပည့်လေး၊ ငါးယောက် ရောက်လာပြီး ဒူးစွပ်၊ လက်ကိုင် Steel တုတ်စသည်တို့ကိုပါ ယူခဲ့ကြပါသည်။ ထိုအခါ စာရေးသူ၏ရင်ထဲ၌ ပီတိဝုန်လှိုက်ဘဝင်ဆိုက်မတတ်ခံစားရပါသည်။

ထို့ကြောင့် ဆရာဝန်ဘဝရောက်သွားပြီး ကိုယ်ပိုင်ဆေးခန်းများဖြင့် ချမ်းသာနေသူများသည် မိမိတို့ကို ဆရာဝန်ဟူသော ဘဝဇာတ်ကောင်အဖြစ် ဘဝဇာတ်စင်ပေါ် တင်ပို့ခဲ့သည့်အခြေခံ အထက်တန်းကျောင်းများမှ ဆရာဆရာမများကို တစ်ခါတစ်ရံသတိရပြီး မေးမြန်းစုံစမ်းကြရန် လိုမည်ဟုထင်ပါသည်။

တပည့်အားလုံးဘဝဇာတ်ကြောင်း ကောင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ॥

မေတ္တာအနန္တများဖြင့် -
ငယ်ဆရာမတစ်ဦး

## ရခိုင်ပြည်နယ်တရားသူကြီးချုပ် အကျဉ်းထောင်စစ်ဆေး

**သံတွဲ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် တရားသူကြီးချုပ် ဦးကျော်နှင့် ပြည်နယ်တရားရေးဦးစီးမှူး ဦးခင်မောင်တို့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များကို ဖေဖော်ဝါရီ ၂၂ က သံတွဲခရိုင်တရားရုံး၌ ခရိုင်အတွင်းရှိ တရားသူကြီးများအား ရှင်းလင်းပြောကြားသည်။



ထို့နောက် ရခိုင်ပြည်နယ်တရားသူကြီးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က ပြည်ထောင်စု တရားစီရင်ရေးဥပဒေနှင့်အညီ သံတွဲ အကျဉ်းထောင်နှင့် သံတွဲမြို့မရဲစခန်း အချုပ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သံတွဲအကျဉ်းထောင်မှူးက အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်တရားခံများ၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းထောင်ရှိအိပ်ဆောင်များနှင့် စားဖိုဆောင်တို့ကို စစ်ဆေးကြည့်ရှုပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်တရားခံများနှင့် အကျဉ်းသူများ၏ ကလေးငယ်များ နေထိုင်စားသောက်မှု ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် ဥပဒေပါအခွင့်အရေးများရရှိမှု အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဘလုတ်ညွှန့်မီးဘေးပြန်လည်ထူထောင်ရေး ငွေကြေးနှင့် အိမ်ဆောက်ပစ္စည်းများ လိုအပ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၁၆ ရက်ညက ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အေးရွာဘလုတ်ညွှန့်စက်ကလေးရပ်ကွက်၌ ဘလုတ်ညွှန့်အပိုင်းတွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၁၃၁ အိမ် မီးသင့်ခဲ့ပြီး အိမ်ထောင်စု ၂၀၄ စုမှ လူဦးရေ ၈၀၉ ဦးအိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

မီးဘေးသင့် ပြည်သူများအား ယင်းရပ်ကွက်ရှိ ခါတော်မိဘုန်းတော်ကြီးကျောင်းဝင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိနေသည်။

ကယ်ဆယ်ရေးစခန်းသို့ ဌာနဆိုင်ရာနှင့် စေတနာရှင်ပြည်သူများက အဖွဲ့လိုက်သော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း ငွေကြေး၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ ဆန်၊ အစားအသောက်နှင့် သောက်ရေသန့်များကို နေ့စဉ်လာရောက်လှူဒါန်းနေကြသည်မှာ ပျားပန်းခတ်မျှဖြစ်သည်။

ဖေဖော်ဝါရီ ၂၂ ရက်အထိ လှူဒါန်းမှုမှာကယ်ဆယ်ရေးစခန်းသို့ ငွေကျပ် ၇၆၇ သိန်းဖြစ်ပြီး ပစ္စည်းတန်ဖိုးစုစုပေါင်း ငွေကျပ် ၅၄၆ သိန်းခန့်ဖြစ်ကြောင်းသိရပြီး ဆန်အိတ်အရေအတွက်အားဖြင့် ၁၄၁၇ အိတ်ဟု ဆိုသည်။ မီးဘေးသင့်ပြည်သူများသို့ အလှူရှင်များက တိုက်ရိုက်လှူဒါန်းမှုမှာ ငွေကြေးအားဖြင့် ငွေကျပ် ၃၇၁ သိန်းနှင့် ပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၂၇၀ ကျော်ခန့်ရှိပြီဟု တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။



မီးဘေးသင့်အိမ်ထောင်စုများမှာ တစ်နေ့လုပ်တစ်နေ့စား အခြေခံလူတန်းစားများဖြစ်၍ မိမိအိမ်ပြန်လည်တည်ဆောက်ရေးအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည်။ အဓိကလိုအပ်ချက်မှာ ငွေကြေးနှင့် အိမ်ဆောက်ပစ္စည်းများ ရရှိရေးဖြစ်သည်ဟု မီးဘေးသင့်သူတို့က ဆိုကြသည်။

ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက"အစားအသောက်၊ အဝတ်အထည်တွေက ယာယီအနေနဲ့ ပြည့်စုံသလောက်ရှိနေပါပြီ၊ အခုက ယာယီကယ်ဆယ်ရေးစခန်းမှာဆိုတော့ အချိန်တန်ရင် ကိုယ့်နေရာကိုယ် ပြန်ကြရမှာပါ။ ဒါပေမယ့် သူတို့အဓိက လိုအပ်နေတာက အိမ်ပြန်ဆောက်ဖို့ ငွေကြေးနဲ့ အိမ်ဆောက်ပစ္စည်းပါ။ ပြန်လည် ထူထောင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုး ပေးနိုင်ကြရင်တော့ အကောင်းဆုံး လှူဒါန်းမှုတစ်ခု ဖြစ်လာမှာပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

တာဝန်ရှိသူတစ်ဦး၏ အဆိုအရ မြေပိုင်ရှင်များအား နဂိုမူလမြေအတိုင်း တိုင်းတာ၍ ပြန်လည်နေရာချထားပေးမည်ဟု သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက "မီးလောင်ပြင်ကို ရှင်းလင်းတဲ့အခါ မူလပိုင်ရှင်ရဲ့ အတိုင်းအတာကို သိရှိနိုင်ဖို့ မူလအမှတ်အသားကို မပျက်အောင် ရှင်းလင်းနေပါတယ်"ဟု အတည်ပြုပြောကြားခဲ့သည်။

အဖွဲ့အစည်းအလိုက်လာရောက်လှူဒါန်းသော ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ဥက္ကဋ္ဌ ဦးမြမောင်က "အခု ကျွန်တော်တို့အဖွဲ့အနေနဲ့ ငွေကြေးအားဖြင့် ငွေကျပ် ၄၁၉၄၀၀၀ ပါ။ ပစ္စည်းနဲ့ပါဆို ငွေကျပ်သိန်း ၈၀ ကျော်ဖိုး လာလှူတာပါ။ ယနေ့တွေ့ရတဲ့ အနေအထားအရဆို သူတို့ ကိုယ်ပိုင်အိမ်ပြန်ဆောက်ဖို့ အဓိကလိုအပ်နေတာကတော့ ငွေကြေးနဲ့ အိမ်ဆောက်ပစ္စည်းတွေပါပဲ" ဟု ၄င်း၏အမြင်ကို ပြောပြခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ကျွန်းသားဆိုက်စုံများပါသော အထုပ် ၁၆ ထုပ် ဖမ်းဆီးရမိ

**ကသာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သဲချောင်းကျေးရွာ ဘူတာရပ်နားစခန်း၌ စပါးခွံများဖြင့် ရောနှောထည့်သွင်းထားသည့် ကျွန်းသားဆိုက်စုံများပါသော အထုပ် ၁၆ ထုပ်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက်က သဲချောင်းကျေးရွာ ဘူတာရပ်နားစခန်း၌ ကျွန်းခွဲသားများ တင်နေကြောင်း သတင်းအရ မဲဇာဘိနယ်တောအုပ် ဦးဝေမင်းဦးနှင့်အဖွဲ့သည် မဲဇာရဲကင်းစခန်းအပိုင် မိုင်တိုင်အမှတ် (၅၀၇/၂၁-၂၂)ကြား သဲချောင်းဘူတာရပ်နားစခန်းအနီး သွားရောက်ရှာဖွေခဲ့ရာ အထုပ် ၁၆ ထုပ်ကို တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စပါးခွံများဖြင့် ရောနှောထည့်လာသည့် တရားမဝင် ကျွန်းခွဲသားဆိုက်စုံ(၃-၂)လက်မ၊ အရှည်တစ်ပေခြောက်လက်မခန့် ၂၆၁ ချောင်း၊ (၃-၂)လက်မ အရှည်တစ်ပေရှိ ကျွန်းခွဲသား အချောင်း ၁၅၀ စုစုပေါင်း ၄၁၁ ချောင်း(၀ ဒသမ ၂၃၃၈)တန် ကာလတန်ဖိုး ငွေကျပ် ၅၈၄၅၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည့် ကျွန်းခွဲသားဆိုက်စုံများကို မြို့နယ်သစ်တော ဦးစီးဌာနမှ တောအုပ် ဦးဝေမင်းဦးထံ အပ်နှံထားရှိပြီး ပိုင်ရှင်အား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ပြည်သူ့အကျိုး
ဖော်ဆောင်ဖို့
အခွန်မှန်မှန်စွာ
ပေးဆောင်စို့


ဘာသာပြန်သတင်းဆောင်းပါး

# နယူးယောက်မြို့တော်၌ ကျင်းပနေသည့် ပထမအကြိမ် မြန်မာ့အနုပညာလက်ရာပြပွဲ



သုတ

မြန်မာနိုင်ငံမှ အလေးအမြတ်ထား ထိန်းသိမ်းစောင့်ရှောက်ထားသောရှေးဟောင်းအနုပညာ လက်ရာများကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ရှိ အာရှအနုပညာလက်ရာပြတိုက် (Asia Society Museum)၌ ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသလျက်ရှိသည်။ "မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ အနုပညာလက်ရာ" ဟုခေါ်ဆိုသည့်ပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ မေ ၁၀ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ယင်းပြပွဲတွင် ငါးရာစုမှ ၂၀ ရာစုအထိ ရိုးရာဓလေ့ပွဲတော်များတွင် အသုံးပြုခဲ့သည့် အဝတ်အထည်များ၊ ပန်းချီကားများနှင့် အနုပညာလက်ရာများနှင့်အတူ ကျောက်၊ ကြေးနှင့် သစ်စေးမှ ပြုလုပ်ထားသော အနုပညာလက်ရာ ရုပ်တု ၇၀ ကို ခင်းကျင်းပြသထားသည်။ အဆိုပါပြပွဲက ဖန်တီးမှုအနုပညာနှင့် သံခင်းတမန်ခင်းဆိုင်ရာ အံ့မခန်းသော အခါသမယကို ကိုယ်စားပြုနေကြောင်းAsia Society မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဂျိုးဆက်ရှီရာရန်းက ပြောကြားသည်။



မြန်မာနိုင်ငံမှာ ကိုလိုနီနိုင်ငံအဖြစ် ရှည်လျားသော သမိုင်းကြောင်းရှိခဲ့ပြီး ဗြိတိသျှတို့က မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ်အထိ သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံအများဆုံးရှိသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်အပါအဝင် ဘာသာဝင်ပေါင်းစုံ စုပေါင်းနေထိုင်ရာ နိုင်ငံလည်းဖြစ်သည်။ အဆိုပါပြပွဲမှာ "ဗုဒ္ဓဘာသာ၏ ထူးခြားအံ့မခန်းသော အကျိုးသက်ရောက်မှုအပေါ် အလေးအနက်ထားဆင်ခြင်ခြင်း"ဟု Asia Society ၏မှူဝါဒ အင်စတီကျူ ဥက္ကဋ္ဌနှင့် ဩစတြေးလျဝန်ကြီးချုပ်ဟောင်း ကီဗင်ရုဒ်က ပြောကြားသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။

Asia Society သည် မြန်မာနိုင်ငံနှင့်ပတ်သက်သော အနုပညာလက်ရာ ခင်းကျင်းပြသမှုကို ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သည်။ Asia Society ပြတိုက် အာရှရိုးရာအနုပညာလက်ရာဌာနမှ အကြီးတန်းပြတိုက်မှူး အက်ဒရီယာနာပရိုစာက ၎င်းတို့အနေဖြင့် ခိုးယူခံရမှုအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးသွားသော အနုပညာလက်ရာပစ္စည်းများအပေါ် နှစ်ပေါင်းများစွာ စိုးရိမ်ပူပန်နေရသည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ပထမဆုံး ယုံကြည်မှုတစ်ခု တည်ဆောက်ခဲ့ရကြောင်း ပြောကြားသည်။ ပရိုစာသည် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုထိန်းသိမ်းရန် ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံရပ်ခြားသို့ ခရီးသုံးကြိမ် သွားရောက်ခဲ့သည်။ သူ့အတွက် ထိုသို့သွားရောက်သည်မှာ ထိုက်တန်သည်ဟုဆိုသည်။

"မြန်မာနိုင်ငံမှာ အံ့အားသင့်စရာကောင်းတဲ့ ကျယ်ပြန့်ပြီး လေးနက်တဲ့ ယဉ်ကျေးမှုအစဉ်အလာ တစ်ရပ်ရှိနေတာ လူတွေကို မြင်စေချင်ပါတယ်" ဟု သူက ပြောကြားသည်။ Asia Society သည် မြန်မာ့ယဉ်ကျေးမှု၊ မူဝါဒနှင့် အောင်မြင်မှုများကို မီးမောင်းထိုးပြသသော ပြပွဲများကိုလည်း ဖေဖော်ဝါရီနှင့် မေလအတွင်း စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

***(NBC သတင်းဝက်ဘ်ဆိုက်တွင် Charise Frazier ရေးသားထားသည့် Museum curators build trust to host First Myanmar Art in U.S ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည်။)***

## သတင်းတိုများ

### အရေးပေါ်အသက်ကယ် သင်တန်းဖွင့်

စေတနာ နာရေးကူညီမှုအသင်းများအနေဖြင့် နာရေးကူညီမှုလုပ်ငန်းများအပြင် အရေးပေါ်အသက်ကယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ကျိုက်မရောမြို့နယ်ရှိ ညောင်ပင်ဆိပ်ကျေးရွာ စက်မှုဇုန်နှင့် ကျုံစိန်ကျေးရွာတို့ ပူးပေါင်းဖွဲ့စည်းထားသော မွန်မြတ်သောနှလုံးသားပိုင်ရှင်များနာရေးကူညီမှုနှင့်လူမှုကူညီမှုအသင်းတို့က ဦးဆောင်၍ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းကို မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီရုံး၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကိုထိုင်းနိုင်ငံမှ အရေးပေါ်အသက်ကယ်အဖွဲ့၏ အသိအမှတ် ပြုခံထားရသော မြဝတီမြို့ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးလှထွန်းနှင့် အဖွဲ့က ဆင့်ပွားသင်တန်းများ ပို့ချနိုင်သည်အထိ သင်ကြားပို့ချခဲ့သည်။ သင်တန်းတွင် ဗိုက်တွင်ဓားထိုးခံထိထားသော လူနာနှင့် လက်ခုတ်ဖြတ်ခံထားသောလူနာများကို ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ရာတွင် ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို အသေးစိတ် လက်တွေ့သရုပ်ဖော်ရှင်းလင်းပြသခဲ့ပြီး သင်တန်းတွင် အသုံးပြုရန်အတွက် ဦးလှထွန်းက အလှူငွေကျပ် တစ်သိန်းနှင့် လူမှုကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိန်မြင့်က အလှူငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်နေမင်း**

### ပန်းတနော်မြို့ သမိုင်းဝင်ရွှေမြင်တင်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၏ သမိုင်းဝင်စေတီတစ်ဆူဖြစ်သောရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ မတ် ၄ ရက်အထိ ခုနစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကြီး ကျင်းပစဉ်ကာလအတွင်း ရွှေသက်န်းကပ်လှူခြင်း၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ညစဉ် ဓမ္မကထိကများ၏ တရားပွဲများကျင်းပခြင်း၊ ရုပ်နီးရုပ်ဝေး ဘုရားဖူးဧည့်သည်များကို ပန်းတနော်အသင်း (ရန်ကုန်)မှ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အပါး ၁၀၀ ကျော်နှင့်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့်အတူ ပျော်ပွဲရွှင်ပွဲများအဖြစ် ရုပ်ရှင်၊ အငြိမ့်၊ ရှုမဝ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည် ဖြစ်သည်။

ပန်းတနော်မြို့ သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီးအား မွန်မင်းသမီး ဥမ္မာဒန္တီက လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့ရာ ယခုကာလထိ နှစ်စဉ် အစဉ်အလာမပျက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

## အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၂၅**



အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ (အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား) သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ပြည်ကြီးတံခွန်မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်ကိုယ်စားလှယ် ၂၄ ဦး၊ အလုပ်သမားကိုယ်စားလှယ် ၂၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)ပြည်ကြီးတံခွန်မြို့နယ်မှ ဦးစီးအရာရှိက အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အစိုးရဌာနကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များကလည်း အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် လက်ရှိရရှိနေသော လုပ်အားခအခြေအနေများ၊ နေထိုင်စားသောက်မှု အခြေအနေများနှင့် လက်ရှိ ကုန်ဈေးနှုန်းတိုးမြင့်နေမှုများကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများ၊ အခွန်အခများ တိုးမြင့်လာခြင်းကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများကို အပြန်အလှန်ဆွေးနွေးကြသည်။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲ တက်ရောက်လာသည့် ကိုယ်စားလှယ်များထံမှ သတ်မှတ်သင့်သည့် အနည်းဆုံး အခကြေးငွေ နှုန်းထားများနှင့် အကြံပြုချက်များ တောင်းခံထားပြီး ၎င်းအကြံပြုချက်များကို အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ တိုင်းဒေသကြီး လုပ်ငန်းကော်မတီထံသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန္တလေးကိုယ်ပွား)**

## ဂျပန်နိုင်ငံ ဆူမီတိုမိုကော်ပိုရေးရှင်းမှ ရထားနည်းပညာသင်တန်း စတုတ္ထအကြိမ် သင်တန်းပို့ချ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Sumitomo Corporation တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက နေပြည်တော်ဘူတာကြီးရှိ နည်းပညာသင်ကြားရေးအဆောက်အအုံတွင် စတုတ္ထအကြိမ်မြောက် ရထားနည်းပညာသင်တန်းကို ဖွင့်လှစ်သည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရန်ဝင်း၊ ဂျပန်နိုင်ငံ Sumitomo Corporation မှ နေပြည်တော်တာဝန်ခံ မစ္စတာ မာစာတဲ့ယုယာမာတိုနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရထားပို့ဆောင်ရေး ဒုတိယဝန်ကြီးက နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဝန်ကြီးဌာနအသီးသီးက ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေကြသလို မိမိတို့ဝန်ကြီးဌာနကလည်း မြန်မာ့မီးရထား ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝန်ထမ်းများအား စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်၊ ရထားသံလမ်းထိန်းသိမ်းခြင်း လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ၊ မြို့ပြအင်ဂျင်နီယာ ဆိုင်ရာနည်းပညာ စသည့်နည်းပညာရပ်တို့ကို ယခုအကြိမ်ပါဆိုလျှင် စတုတ္ထအကြိမ်အထိ သင်တန်းပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ နောက်ထပ်လည်း စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာသင်တန်းကို ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူများကလည်း သင်ကြားမှုများအပေါ် ကြိုးစားသင်ယူပြီး မိမိဌာနတိုးတက်ရေးအတွက် အထူးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ Sumitomo Corporation မှ မစ္စတာမာစာတဲ့ယုယာမာတိုက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်ခန်းစာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းသို့ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဆိုင်ရာဌာနနှင့် သွားလာရေးဌာနတို့မှ နှစ်ဦးစီအပါအဝင် စုစုပေါင်း သင်တန်းသား ၃၄ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခွေးရူးရောဂါ ကာကွယ်ဆေးများလှူဒါန်း

**တာချီလိတ် ဖေဖော်ဝါရီ ၂၅**

တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ ဖန်မင်ကျေးရွာအုပ်စု ဟာကျမန္တးကျေးရွာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံမှ ဦးကျပေားနှင့် ဒေါ်လီရီးစီတို့က တန်ဖိုးငွေကျပ် လေးသိန်းရှိ ခွေးရူးရောဂါ ကာကွယ်ဆေးများ လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

ဆောင်းပါး

# စန္ဒာသူရိယပေါ်စ တပေါင်းလ လွမ်းဘွဲ့အစ ကပ္ပိလ

ဒေါက်တာမောင်ဖြေ

တပေါင်းသာခေါင် လမျှားနောင်၊ တောင်လည်းသာ မော တောလည်းသာတွေ ဟူသော ဆိုစကားများနှင့် အညီ တပေါင်းလသည် တောတောင်သဘာဝသစ်ပင် ပန်းမန်တို့ အလှပဆုံး၊ အသာယာဆုံးအချိန်ရာသီဖြစ်ပါ သည်။ သရဖီပန်းများလည်း ဖူးပွင့်ဝေဆာကြမြဲဖြစ်ပါ သည်။

"ကြူကြူပျံ့မွှေး၊ လေပြေသွေးက၊ ကြိုင်မွှေးပျံ့လျှောင်၊ ပန်းပေါင်းပေါ်စ၊ တပေါင်းလဝယ်၊ နှမစိတ်တူ၊ အိမ်သူ ကျွမ်းဝင်၊ နောင်သခင်ကို၊ ထိပ်ပြင်ပြည့်မျှ၊ မဆင်းရခဲ့"ဟု စာဆိုတော် နဝဒေးကြီးက တပေါင်းလကို အလွမ်းဖွဲ့ခဲ့ သည်။ "စံပယ်ဖြူမွှေး၊ စကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်၊ ရွေးလျက်ရွရွ၊ မဆင်ရတည့်" ဟု ရတု ဘုရင် နတ်သျှင်နောင်ကလည်း ကိုယ်တိုင်ကိုယ်ကျ စံပယ်မြတ်လေးပန်းတို့ ပန်ဆင်ပေးချင်သည့်ဆန္ဒကို အလွမ်းရတုသွယ်ထား၏။

ကိုယ့်အသည်းနှလုံးကိုမှ ကိုယ်မပိုင်သောရာသီဟု ဆို ကြသည်။ သောတာပန်မထေရ်မြတ်တို့ပင် မဆည်နိုင် မျက်ရည်တို့က ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင်ဈာန် ယိုင်လျှောရသည့်လဟု တင်စားထားကြပါသည်။

လတကာတွင် တပေါင်းလသည် အလွန်သာယာလှပေ သည်။ စာဆိုတော် ရှင်အုန်းညိုက "သာသည်ညင်းညင်း မြောက်လေကြွင်းနှင့် ဆီးနှင်းပကုန်ပူဟုန်ပတည်း၊ ပျံ့ပျံ့ မည်းသား"ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ထို့အပြင် "တပေါင်း လသာ လတကာထက် နှိုင်းရာဖက်ရှောင် လမျှားနောင် ကား" ဟု စာဆိုဦးအောင်ကြီးက သာယာသောလတပေါင်း ကို နှိုင်းယှဉ်ဖွယ်ရာလ မရှိကြောင်း လူးတားဖြင့် ချီးကျူး ဖွဲ့ဆိုထားသည်။ သာယာညင်းပျောင်း ဆိုတေးသံသာဖြင့် နွေ၏ ဥဩငှက်တို့ တေးသံကလည်း လွမ်းဆွတ်ဖွယ်အတိ ဖြစ်ချေ၏။ ဥဩငှက်၏ တေးသံနှင့်ရွက်ဝါတို့သည် တပေါင်းရာသီကို ဖော်ကျူးကြလေ၏။ စာဆိုတော် ရှင်မဟာရဋ္ဌသာရက "ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော် ပျောက်သို့၊ နှုတ်ထက်ကွန့်မြူး၊ သံပြိုင်ကျူးလျက်၊ တစ်ဦး တိုင်က တစ်ဦးချင်းချ၍ ဖိုမလင်းဖြာ၊ တွန်သံသာနှင့်" စသည်ဖြင့် ဖွဲ့ဆိုခဲ့သည်။

ရွက်ဟောင်းတို့ ကြွေလေသဖြင့် အကျည်းတန်သော သစ်ပင်များဝယ် ရွက်သစ်များဝေနေချေပြီ။ ရွက်ဝါတို့ သည် ပင်ခြေတွင် စုပုံနေသော်လည်း လေအဝှေ့တွင် နွေတေးကို ဆိုသလို "မြချမ်းရွက်စိမ်း၊ လေညင်းသိမ်းက၊ မယိမ်းမြလျှံ၊ ရွှေဝါကျံလည်း၊ လေပြန်လောင်းသုတ်၊ ရွက်ဟောင်းပြုတ်၍၊ ကျေးနှုတ်အသွင်၊ ပုရစ်ဆင်ခဲ့" ကြ သည့်ပမာ အပူရှိန်တငွေ့ငွေ့နှင့် ရွက်ဝါတို့ကြွေပုံကို ရှင်ဥတ္တမကျော်က တောလားကြီးဖွဲ့ဆို၍ သရုပ်ဖော်ထား ၏။

တပေါင်းလ၏ ထူးခြားအံ့ဖွယ်သော လက္ခဏာတစ်ရပ် သည်ကား ဩကာသလောကဟုဆိုအပ်သော ကမ္ဘာမြေ ကြီးနှင့် ဘုရားသခင်တို့၏ ပွင့်တော်မူရာဖြစ်သော မဟာ ဗောဓိပလ္လင်တော်သည် ရှေးဦးစွာတစ်ပြိုင်တည်းပေါ်လာ ၏။ ထိုမြေပေါ်၌ ပုဗ္ဗနိမိတ်ဖြစ်သော ပဒုမ္မာကြာပင်ပေါက် ၏။ ထိုကြာပင်သည် ဘုရားမပွင့်သော ကမ္ဘာတွင် မပေါ် ပေ။ ဘုရားပွင့်သော ကမ္ဘာ၌သာပွင့်သည်။ ဘုရားအရေ အတွက်နှင့်အမျှ ပွင့်၏။ ထိုဘုရားပွင့်သော ကမ္ဘာတို့ တွင် ဘုရားတစ်ဆူပွင့်က သာရကမ္ဘာ၊ နှစ်ဆူပွင့်က ကမဏ္ဍ ကမ္ဘာ၊ သုံးဆူပွင့်က ဝရကမ္ဘာ၊ လေးဆူပွင့်က သာရမဏ္ဍ ကမ္ဘာ၊ ငါးဆူပွင့်က ဘဒ္ဒကမ္ဘာဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ စသည်တို့၌လာသည်။

ဘဒ္ဒကမ္ဘာဦး လူတို့၏ တောင့်တအပ်သော အေးစေ၊ နွေးစေသော သူရိယနှင့် စန္ဒာသည် တပေါင်းလပြည့်နေ့ က ပေါ်ပေါက်လာခြင်းဖြစ်သည်။

အတွင်းကား ရွှေ အပကား ဖလ်အတိပြီးသော အချင်း ယူဇနာပေါင်း ၅၀၊ အဝန်းယူဇနာ ၁၅၀ရှိသော ဘာဏု ရာဇာမည်သော ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် တပေါင်းလပြည့်နေ့မိန်ရာသီ၌ ၂၆ လုံး ဥတ္တရာဘဒ္ဒပိုဒ်နက္ခတ်ကိုစီးလျက် ပြုဗ္ဗဝိဒေဟာကျွန်း၏ အလယ် ဥဒည်းတောင်ထိပ်မှထွက်လာ၍ အလင်းကိုဖြစ် စေ၏။ ကမ္ဘာဦးသူတို့သည် ကြောက်ခြင်းကင်း၍ ရဲရင့် ခြင်းဖြစ်ကုန်သောကြောင့် "သူရိယ" ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကုန်သည်။ ထိုသို့ ပေါ်လာသော နေမင်းသည် နာရီသုံးဆယ်ခန့်လှည့်၍ ယုဂန္ဓိုရ်တောင်ကွယ်ခဲ့သော် အမိုက်အတိဖြစ်၏။

ကမ္ဘာဦးသူတို့သည် တစ်ခုသောအလင်းကို ရစေ သတည်းဟု တောင့်တကုန်သည်ရှိသော် အတွင်းကား ပတ္တမြား၊ အပကားငွေဖြင့်ပြီးသော အချင်းလေးဆယ့်ကိုး ယူဇနာ၊ အဝန်း တစ်ရာလေးဆယ့်ခုနစ်ယူဇနာရှိပြီး အေးချမ်းသောအရောင်ကိုဆောင်သော လမင်းသည် ကုံ ရာသီ၌ တစ်ဆယ့်နှစ်လုံးဥတ္တရာဘရဂုဏီနက္ခတ်ကို စီး ၍ နက္ခတ်တာရာကြယ်ပေါင်းခြံရံလျက် အရှေ့မျက်နှာမှ ထွက်လာသည်ရှိသော် ကမ္ဘာဦးသူတို့သည် ငါတို့အလို ဆန္ဒအတိုင်း ရပေသည်ဟူ၍ "ဆန္ဒ" (စန္ဒ)ဟူသည့် အမည်ဖြင့် ခေါ်ဝေါ်ကုန်သည်။

နေနှင့်လတို့ ဖြစ်ပေါ်သောနေ့၌ပင်လျှင် မြင့်မိုရ်တောင်၊ သီတာခုနစ်တန်၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီးလေး ကျွန်း၊ ကျွန်းငယ်နှစ်ထောင်၊ ဟိမဝန္တာတောင်၊ မြစ်ကြီး အိုင်ကြီး၊ စကြဝဠာတောင်တို့သည် မရှေးမနှောင်း တပေါင်းလပြည့်နေ့၌ တစ်ပြိုင်နက်ဖြစ်ကုန်၏။ ထိုနေ့မှစ ၍ နေ့၊ လ၊ နှစ်၊ ဥတု၊ ရတုတို့သည် ထင်ရှားဖြစ်ကုန်၏။

တပေါင်းလကို ကဗျာ ကဝိပညာရှိတို့က တင့်တယ် သာယာသော တပေါင်းလဟု မှတ်ယူကြသည်။ ထိုသို့ သာယာပုံကို ရှင်ဥတ္တမကျော်က ဂါထာခြောက်ဆယ်ပျို့ တွင် "တိမ်ညိုမိလ္လာ၊ တိမ်စူကာနှင့် တိမ်ပြာရောယှက်၊ မရန်းဖက်၍၊ တိမ်သက်တံ့ရောင်၊ အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့ တစ်ချက်၊ ယုဂန်ထက်က၊ လေးဘက်လုံးခြုံ၊ တိမ်ဂဠုန် လည်း၊ နဂါးစုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့" ဟူ၍ ရောင်စုံပြာလွင်နေသော တိမ်တို့ ၏ ဂုဏ်ပြိုင်ကြပုံကို ဖွဲ့ဆိုခဲ့၏။

မဟာဗုဒ္ဓဝင်အတ္ထုပ္ပတ္တိမှာ မိဘ၏မေတ္တာ၊ ဇနီးကောင်း တို့၏ အကြင်နာများဖြင့် တပေါင်းအခါ လွမ်းစရာများ ဖြစ်နေပုံကို ဖော်ပြရသော် သိဒ္ဓတ္ထမင်းသားသည် ဖွားဖက် တော် ကဏ္ဍကမြင်းကိုစီးလျက် ဖွားဖက်တော်ဆန္နအမတ် နောက်တော်ခေါ်ကာ မဟာနိက္ခမ ထွက်ကြွတော်မူလေ ပြီဟူသော သတင်းဆိုးကြီးကို ဖခမည်းတော်ဘုရင်ကြီး အတွက် ရင်ဘတ်စည်တီးကြုံတွေ့ခဲ့ရ၏။

ထို့နောက်မှ အကြီးဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးသတင်း ကား သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓစင်စစ်ဘုရားအဖြစ်သို့ ရောက်တော်မူပြီဖြစ်ကြောင်း ကြားသိရသော ဘုရင်ကြီး အတွက် နှစ်ထောင်းအားရ ရင်မှာတသိမ့်သိမ့်ခံစားခဲ့ ရသည်။

ခြောက်နှစ်သာမျှ ခွဲခွာခဲ့ရသော သားဘုရားကိုတွေ့ မြင်လိုပေသည်။ သားဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဖြစ်သော ဓမ္မစကြာဒေသနာတော်ကို ဟော တော်မူပြီဟု ကြားသိရသောကြောင့် သားတော်ဗုဒ္ဓ၏ တရားဒေသနာတော်များကိုပါ ကြားနာလိုသော ဆန္ဒ ပြင်းပြ မခံမရပ်နိုင်အောင် ရှိလာသည်။

ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးသည် "ချစ် သား ကာဠုဒါယီ သင့်အားငါ့သားတော်၏ ဖွားဖက်တော် ဖြစ်သည်နှင့်အညီ ငါ၏သားတော်နှင့်တစ်ပြေးတည်း ထား၍ မြှောက်စားချစ်ခင်ခဲ့ပါသည်။ သင်နှင့်ကစားဖော် ကစားဖက်ဖြစ်သော သခင်၏ အရှင်သခင်ဖြစ်သော ကျေးဇူးရှင်၏ဖခင်ကို ကြင်နာထောက်ထားသောအား ဖြင့် သားဘုရား၏ မျက်နှာတော်ကိုဖူးမြော်ကာ တရား တော်များ နာယူလိုပါ၍ ပင့်ဆောင်ပေးပါလေ"ဟု စေ လွှတ်တော်မူသည်။

ကာဠုဒါယီမထေရ်မြတ်၏ လျှောက်ထားချက်ဖြင့် ဗုဒ္ဓ မြတ်ဘုရားသည် ကပိလဝတ်ပြည်သို့ မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ကြွတော် မူသည်။

ရွှေနန်းဥကင် ရာဇပလ္လင်ထက်၌ စံတော်မူလေသည်။ မောင်းမခြွေရံအားလုံးတို့က ညွတ်တွားရိုကျိုး ရှိခိုးပူဇော် ကြကုန်၏။

ရောင်ခြည်တော်ခြောက်ဆိုင်းဖြင့် သင်းကျစ်တော်မှ ဖဝါးတော်သို့တိုင်အောင် အံ့ဩမကုန်နိုင်သော မောင်တော် မြတ်ဘုရား၏ အသရေတို့ကို တိုက်ခန်းသလွန်ထက်မှ မြင်ရလေသော် ယသော်ဓရာသည် လွမ်းမောဆွတ်လတ်၊ ကြည်ညွတ်မြတ်၍ ပရိဒေဝငိုကြွေးမိတော့သည်။ သို့ပါ သော်လည်း မြတ်ဘုရားထံပါးသို့ အများနည်းတူ သွား ရောက်ဖူးမြော်ခြင်းမပြုချေ။

ယသော်ဓရာသည် လွမ်းတေးမဆိုဘဲ ငိုပွဲကို ဟန်အမူ အရာဖြင့် သယ်ယူကာ မာနမထားသောစိတ်ဖြင့် နေပါ ၏။ ပတ်ဝန်းကျင်ကိုလည်း မမြင်ချင်၊ မကြားချင်၊ မသိ ချင်ပါ။ အတိတ်တို့လည်း ပေါ်လွင်နေပါသည်။ ပစ္စုပ္ပန် မှာလည်း မပျော်ပါပေ။ အနာဂတ်ကိုလည်း မတွေးမိ။ ကြောက်လန့်မိသည်။ ယခင်နုစဉ်ဘဝကပင် သွားလည်း လက်ဆက်၊ စက်လည်းတစ်အုံး၊ မဒီနှလုံးပမာ ပါရမီရှင် ဖြစ်ခဲ့ပါ၏။

"ရှိသေရာတွင် နှမသွင်သို့၊ တိုင်ပင်ရာတွင် မိတ်ဆွေ သွင်သို့၊ အိပ်စက်ရာတွင် ပြည့်တန်ဆာသွင်သို့၊ လုပ်ကျွေး ရာတွင် ကျွန်မသွင်သို့၊ စောင့်ရှောက်ရာတွင် မိခင်သွင် သို့၊ ငါးပါးထင်ရှား ပြည့်စုံငြားပြီး၊ ဆင်းရဲမကွာ ချမ်းသာ မခွဲ၊ လင်ကိုတွဲသော် တော်ဝင်ထိုက်အပ် မိန်းမမြတ် တည့်" လက္ခဏာတို့ဖြင့် ဘဝအဆက်ဆက် သံသရာ အဆက်ဆက် မွန်မြတ်စွာဖြည့်ဆည်းခဲ့ပါ၏။

"မိန်းမအားလုံး အခွင့်အခါ စိတ်ကွယ်ရာ ဖိတ်ခေါ်သူ အကယ်၍ရငြားအံ့။ မကောင်းမှုကို ပြု၏"စသော အဆုံး အမဖြင့် အခွင့်အခါသုံးပါးကို မပစ်မှားခဲ့ပါ။ အမရာနှလုံး မူကား ညီညွတ်၍ရှိခဲ့ပါ၏။

ဤသို့လျှင် ဘဝများစွာ ကျင့်ကြံလိုက်နာ၍ ပါရမီဖြည့် ဆည်းခဲ့ပါသည်။ အစဉ်အဆက် သံသရာတစ်လျှောက် တွင် မောင်တော်ထံသို့ သွားခဲ့သည်မဟုတ်ပါ။ မောင် တော်သာလျှင် နှမတော်ရှိရာသို့လာခဲ့ရိုး ထုံးစံဖြစ်ခဲ့ပါ ၏။ အကယ်၍ ကျေးဇူးရှိသည်ကို ထောက်မျှော်ပါလျှင် သနားတော်မူပါလျှင် နှမတော်ရှိရာသို့ ကိုယ်တိုင်ဝင်၍ ကြွလာလိမ့်မည်။ ကြွလာတော်မူမှ ပူဇော်ပါမည်ဟု တမ်း တ၍သာ နေလေ၏။

ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့လာ ချစ်ရိပ်ပွင့်ကို၊ လုလင်ဘာသာ ပျူငှာဆန်းဆို လွမ်းလိုလိုနှင့် သံချိုမြမြ နှမပြာဝင်း နေရစ်မင်းဟု မဆိုလိုလော။ ဉာဏ်တော်ဖြင့် သိတော်မူသော မောင်တော်မြတ်ဘုရားမှာလည်း ယခင် ဘဝနုစဉ်ကပင် သွားလည်းလက်ဆက်၊ စက်လည်းတစ် အုံး၊ မဒီနှစ်လုံးပမာ ပါရမီရှင်ဖြစ်ခဲ့သည့်အတွက် "သာ ဘရိယာ နိဗ္ဗုတာ" ဟုဆိုအပ်သော နှလုံးသားကို အေးမြ စေသော ဇနီးမယား၏ ပရိဒေဝတို့အား ငြိမ်းအေးလို သော ဆန္ဒဖြင့် အဂ္ဂသာဝကနှစ်ဦးကို ခေါ်တော်မူကာ ယသော်ဓရာမင်းသမီး၏တိုက်ခန်း ရတနာသလွန်ထက် ၌ ကြွရောက်စံတော်မူလေသည်။

"ယသော်ဓရာ မင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာ လာ၍ ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော် ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နမ်းကာနမ်းကာ ခြင်းရာစကား ဘယ်သည်များမှ မကြား နိုင်စွာ မျက်နှာမျက်ရည်မဆည်နိုင်ပြီး ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်းပြန်လန်လုမတတ် ဆံ ဖြင့်ပွတ်သပ် ပါးဖြင့်အပ်၍ အထပ်ထပ်ရှိခိုးလေသည်။"

တပေါင်းလ၏ လွမ်းစရာအလှသည် ကပိလဝတ်ပြည် မှာစခဲ့သည်ဟု ဆိုရပါမည်။ ရှင်မဟာရဋ္ဌသာရအရှင် မြတ်ကလည်း "ချိုးနှစ်ဖော်မူ၊ ရှင်ပျော်စမြဲ၊ လည်ချင်း တွဲ၍၊ မကွဲတူကွ၊ နေသည်စသော်၊ ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ" စသဖြင့် အပူငွေ့တဝေဝေနှင့် အန် ထုတ်ခဲ့ပြီး အချစ်ရေးထက်ဘာသာရေးကို ဦးစားပေးကာ ကျန်ရစ်သော အမာရွတ်ကို နှမလက်လျှော့နေလေတော့ ဟု ရတုနှင့်လည်း ကုစားခဲ့သည်။

လူသားများတမ်းတလျက် နေ၊ လဟူသော ပူစေ၊ အေး စေသည့် သူရိယ၊ စန္ဒာနှစ်ပါးသည် လတပေါင်းမှအစပေါ် ခဲ့ချေပြီ။ ရွက်ဟောင်းတို့ကြွေ၊ ရွက်နုတို့ဝေ သင်္ခါရတရား တို့လည်း တွေ့ခဲ့လေပြီ။ သဘာဝစာဆိုကြီးများလည်း အနားယူကုန်ကြပြီ။ သဘာဝတေးများ ရင့်ကျူးခဲ့သော စာဆိုကြီးများ၏နှုတ်ကား လှုပ်ရှားမှု မရှိကြတော့ပါ။ ထိုသို့ မမြဲသော သဘောတရား၊ လွမ်းချင်စရာ ဆွေးချင် စရာတို့ကို တပေါင်းလရာသီကပင် တရားပြလျက်ရှိနေ ပေတော့သည်။ ။



> "ယသော်ဓရာ မင်းသမီးသည်လည်း ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ခြင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာ မျက်ရည်မဆည်နိုင် ဖြိုင်ဖြိုင်စီး လျက် အထပ်ထပ်ရှိခိုးလေသည်..."

## တည်ဆောက်နေသော ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်

ကျွန်းလှ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ အထကကျောင်း၌ တည်ဆောက်လျက်ရှိသော ရွှေရတုကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။ ရွှေရတုကျောင်းဆောင်သစ်ကို အောင်မြင်စွာတည်ဆောက်ပြီးစီးရန် ကျောင်းသားဟောင်း ဦးမြန်မာမြင့် (ထက်စက်သုံးဆီရောင်းဝယ်ရေးမိသားစု)က ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ကျောင်းကော်မတီဝင် ဦးသောင်းညွန့်က လက်ခံရရှိပြီး ဦးထွန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရွှေရတုကျောင်းဆောင်သစ်ကို ကျွန်းလှအထက ရွှေရတုအထိမ်းအမှတ်အဖြစ် ၂၀၁၂ ခုနှစ်မှစ၍ ကျောင်းသား ကျောင်းသူဟောင်းများ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေခွဲရှိ စာသင်ခန်းလေးခန်းပါ တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်တည်ဆောက်မှုအတွက် စုစုပေါင်းငွေကျပ် သိန်း ၃၀၀ ကျော်ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်ပြီးစီးပါက ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှု ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ကျောင်းသားဟောင်းတစ်ဦး၏ ပြောကြားချက်အရ သိရ သည်။

မျိုးဝင်းညို(ကျွန်းလှ)

ပြည်တွင်းသတင်း

# လောက်ကိုင်ဒေသမှ ပညာရေးဝန်ထမ်း ၄၀၀ ကျော် မန္တလေးသို့ရောက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

လောက်ကိုင်ဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် သွားရောက်တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၄၄၅ ဦးသည် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတွင် မန္တလေးမြို့ရှိ ပညာရေးကောလိပ်သို့ ရောက်ရှိလာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဆရာ ဆရာမတွေအတွက် လစာငွေနှစ်လစာ ကြိုတင်ထုတ်ပေးဖို့စီစဉ်ထားတယ်။ ဒေသမှာရှိတဲ့ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲဖြေဖို့လည်း



**နေရပ်သို့ပြန်ကြမည့် ပညာရေးဝန်ထမ်းများနှင့် ကူညီပေးနေသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ။**

လားရှိုးနဲ့ကွမ်းလုံမှာ စာစစ်ဌာနအသစ်ဖွင့်လှစ်ထားတယ်။ အခုဆရာမတွေကို ကျောင်းပိတ်ရက်နဲ့လည်းနီးတဲ့အတွက် အဆင်ပြေအောင်ပြန်ခိုင်းလိုက်တာပါ။ ဟိုမှာရှိနေတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေရော ပြည်သူတွေပါ နောက်တန်းကို စုစည်းပြီးပြန်ခိုင်းနေပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းပေါင်း ၈၀၀ ကျော်ရှိပါတယ်"ဟု အမှတ်(၂)အခြေခံပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ပြောသည်။

မန္တလေးမြို့သို့ရောက်ရှိလာသော ပညာရေးဝန်ထမ်းများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ကြိုဆိုနှုတ်ဆက်အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ညနေစာဖြင့် ဧည့်ခံကျွေးမွေးကာ ၎င်းတို့နေထိုင်ရာဒေသအသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

"ကျန်ခဲ့တဲ့ ကျောင်းသား ကျောင်းသူလေးတွေအတွက်တော့ စိတ်မကောင်းပါဘူး။ ဟိုမှာက မငြိမ်မသက်ဖြစ်နေတော့ စိုးရိမ်မိလို့ပြန်လာတာပါ။ အထက်တန်းကျောင်းကလည်း နှစ်ကျောင်းပဲရှိတယ်။ ကလေးတွေ စာမေးပွဲဖြေဆိုဖို့အတွက် နောက်ပညာသင်နှစ်မတိုင်မီ သွားဖို့စီစဉ်ထားပါတယ်။ အခုလဲ မန္တလေးမှာ ခဏနားပြီးတော့ နေရပ်ကို ညနေကားနဲ့ ပြန်မှာပါ"ဟု လောက်ကိုင် အထက(၁)မှ ပြန်လာသော အထက်တန်းပြဆရာမ ဒေါ်သန်းငွေးက ပြောသည်။

အဆိုပါတိုက်ပွဲရှောင်ပညာရေးဝန်ထမ်းများသည် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ သွားရောက်တာဝန်ထမ်းဆောင်ကြသူအများစု ပါဝင်ကြကြောင်းနှင့် နေရပ်ဒေသများသို့ပြန်ရန် လားရှိုးမှ မန္တလေးမြို့သို့ ရောက်ရှိရပ်နားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးပညာပေးသင်တန်းဖွင့်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၅**

ယခုနှစ်ကုန်ပိုင်း၌ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များတန်းတူညီမျှ အခွင့်အရေးရရှိရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို ကျိုင်းတုံမြို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ၌ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမိုးမောင်သန်းက ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် မြန်မာနိုင်ရဲတပ်ဖွဲ့ဌာနချုပ်၌ ပြုလုပ်ခဲ့သော ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတို့မှ အားနည်းချက်၊ အားသာချက်များအပေါ် မူတည်ပြီး ၂၀၁၅ ရွေးကောက်ပွဲကျင်းပရာ၌ လုံခြုံရေးအခြေအနေများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ကြောင်း၊ အဆိုပါစာတမ်းများနှင့် ဆွေးနွေးချက်များကို အောက်ခြေရဲတပ်သားအဆင့်အထိ သိရှိလိုက်နာ ဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ ယခုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုံခြုံရေးတွင် မဲဆွယ်စည်းရုံးသည့်ကာလမှ ဆန္ဒမဲများထုပ်ပိုးပြီး ပြန်လည်ပို့ဆောင်သည့်ကာလအထိ လုံခြုံရေး ရှစ်မျိုးရှိကြောင်း၊ မဲပေးသူများစိုးရိမ်ကြောင့်ကြမှုမရှိစေရန်နှင့် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များ တန်းတူညီမျှအခွင့်အရေးရရှိရန် ဖွင့်လှစ်ခြင်းဖြစ်ပြီး ခရိုင်၊ မြို့နယ်အဆင့်ဆင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျလောက မဲရုံများ၏လုံခြုံရေးနှင့် မဲရုံများကို သတင်းမီဒီယာများစောင့်ကြည့်ပေးရန် ကိစ္စများကို အကြံပြုဆွေးနွေးသည်။ သင်တန်းဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရွေးကောက်ပွဲကော်မရှင်များ၊ နိုင်ငံရေးပါတီများ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်နိုင်(iprd)**

# ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောမကျေးရွာမှ ပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောခြင်း၊ အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်ပေးခြင်းကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင်က အသင်း၏ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာခင်အောင်အောင်ငွေက AIDS ရောဂါအကြောင်းနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ကျန်းမာ/ပညာဌာနခွဲမှ ဆရာဦးဝင်းမြင့်က တီဘီရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။ ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်ဝင်းမြင့်နှင့် ဆရာဝန်များ၊ စဉ့်ကိုင်မျက်စိအထူးကုဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာရီလင်းနှင့် သူနာပြုဆရာမများက မျက်စိဝေဒနာရှင် ၂၇ ဦးနှင့် အထွေထွေရောဂါဝေဒနာရှင် ၆၂ ဦးတို့အား စစ်ဆေးကုသပေးပြီး လိုအပ်သော ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




စုလျားရစ်ပတ် နှင့် ထိမ်းမြားလက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

[illegible]

[illegible] M.B.B.S (MDY)

[illegible]

နှင့်

[illegible] Chairman (Pretty Peacock Co.,Ltd) [illegible]

[illegible] B.A (English)

Senior Flight Attendent (Air Bagan)

M D (Pretty Peacock Co.,Ltd)

[illegible] Sedona Hotel (Mandalay) [illegible] Novotel Yangon Max Hotel [illegible] Asia Wing Airway [illegible] Htoo Group of Company [illegible] WAI DE [illegible] The Lady [illegible] Dior Photo Studio [illegible] Cupid [illegible] Lily Gilda [illegible] (Air KBZ) [illegible] Novotel Yangon Max Hotel, Kandawgyi Palace Hotel နှင့် Sedona Hotel(Mandalay) [illegible] FDA [illegible]

ပြည်တွင်းသတင်း

# တိုက်ပွဲရှောင်ပညာရေးဝန်ထမ်းများအား ပညာရေးဌာနနှင့်စေတနာရှင်များ ငွေနှင့် ထမင်းထုပ်လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲရှောင်ပညာရေးဝန်ထမ်း ဆရာ ဆရာမများသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သီပေါမြို့သို့ ရောက်ရှိလာရာ မန္တလေး၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းရှိ စံဖိတ်ကျေးရွာ ဘောလုံးကွင်းမှ တိုင်းရင်းသားပြည်သူများက နွေးထွေးစွာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မလတ်တို့က အားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဌာနဆိုင်ရာများ၊ မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်၊ ကျေးရွာများမှအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် မိဘပြည်သူများက ထမင်းထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးနှင့် လိမ္မော်သီးများကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့သီပေါမြို့သို့ ရောက်ရှိလာသော တိုက်ပွဲရှောင် ဆရာ ဆရာမ ၃၈၀ ဖြစ်ပြီး ထမင်းထုပ် ၁၂၀၀ နှင့် သောက်ရေသန့်ဘူး ၁၅၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ပေးအပ်လှူဒါန်း၍ ကျန်းမာရေးချို့တဲ့သော ဝေဒနာရှင်များကို ယာယီဆေးခန်းဖွင့်လျက် သီပေါဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်နန်းရှုပဟန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စစ်ဆေးကုသပေးကြသည်။

သီပေါမြို့နယ်မှ တိုင်းရင်းသားစေတနာရှင်ပြည်သူများသည် လူသားအချင်းချင်း ကိုယ်ချင်းစာနာ ထောက်ထား၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေများကို လားရှိုးမြို့တွင် သွားရောက်လှူဒါန်းခဲ့ကြပြီး ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ တိုက်ပွဲရှောင်ပြည်သူများနှင့်ဝန်ထမ်း ၅၇၁၀ တို့ကို ငွေကြေးနှင့် ထမင်းထုပ် စားဖွယ်များကို မြို့အဝင်မုခ်ဦးမှ စောင့်ကြိုလှူဒါန်းခဲ့ကြပြီး ဆက်လက်ရောက်ရှိလာမည့် တိုက်ပွဲရှောင်သွေးချင်းများကိုလည်း ကြိုဆိုလျက် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ဆီသယ်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**အင်းတော် ဖေဖော်ဝါရီ ၂၅**

ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာရဲကင်းနှင့် ခုနစ်မိုင်အကွာတွင် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီက ဆီသယ်ယာဉ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် နဘားကျေးရွာရဲကင်းစခန်းမှူး တာဝန်ထမ်းဆောင်နေစဉ် အင်းတော်-ကသာကားလမ်း မိုင်တိုင်အမှတ် ၁၁/၁ တံတားအမှတ် ၁/၁၂ တွင် ယာဉ်တိမ်းမှောက်မှု သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ယာဉ်အမှတ် ၁ခ/ --- NISSAN အဖြူရောင်တစ်စီး ဒီဇယ်ဆီပီပါ အလုံး ၆၀ ဖြင့် တိမ်းမှောက်နေ၍ မေးမြန်းရာ ယာဉ်မောင်း ကျော်မင်းထက် (၃၂နှစ်) မြို့သစ်(၁) စစ်မှုထမ်းဟောင်းရပ်ကွက် မိတ္ထီလာမြို့နေသူမှာ ကသာမှ ဖားကန့်သို့ ဒီဇယ်ဆီတင်ဆောင်၍ မောင်းနှင်လာစဉ် တံတားကွင်းလမ်းအဆင်းတွင် ဘရိတ်ပေါက်၍ တိမ်းမှောက်လဲသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေကြမ်းတင်သွင်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား ပိုမိုထိရောက်စွာ တားဆီးကာကွယ်နိုင်ရန်အတွက် ကျား၊မရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN)အဖွဲ့မှ စီစဉ်၍ လေ့လာဆန်းစစ်မှု သုတေသနပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါလေ့လာဆန်းစစ်ချက်သည် ခင်ပွန်းများနှင့် အခြားအမျိုးသားများ၏ အနိုင်အထက်ပြုကျင့်မှုများကို ကိုယ်တိုင်တွေ့ကြုံခံစားနေရသည့် အမျိုးသမီးများ၏အတွေ့အကြုံများကို ပိုမိုသိရှိနားလည်နိုင်စေရန်အတွက် အရည်အသွေးအခြေပြု နည်းလမ်းများကို အသုံးပြုလေ့လာထားခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း သုတေသနစာတမ်းဖတ်ပွဲမှ သိရသည်။

"အမျိုးသမီးများအကြမ်းဖက်မှုဆိုင်ရာကာကွယ်ရေးဥပဒေကြမ်းကို ၂၀၀၃ ခုနှစ်ကတည်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ဥပဒေကြမ်းရေးဆွဲရေးကော်မတီက ရှေ့နေချုပ်ရုံး တရားလွှတ်တော်ချုပ်၊ ပြည်ထဲရေး၊ အထွေထွေအုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးရေးရာ၊ မိခင်နဲ့ကလေး စောင့်ရှောက်ရေးနဲ့ အပြည်ပြည်ဆိုင်ရာက အမျိုးသမီးတွေနဲ့ ဆက်စပ်တဲ့ အဖွဲ့အစည်းတွေ အစရှိတဲ့ ဝန်ကြီးဌာန တာဝန်ရှိသူတွေ ပူးပေါင်းပြီး အပြီးသတ်နိုင်အောင် ကြိုးစားရေးဆွဲလျက်ရှိပါတယ်။ ယခုနှစ် မေလလောက်မှာ ဥပဒေကြမ်းကိုလွှတ်တော်မှာတင်ပြနိုင်ဆွေးနွေးနိုင်ရေးအတွက် ရည်မှန်းထားပါတယ်"ဟု ကျား၊မရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ ဒါရိုက်တာ ဒေါ်မေစပယ်ဖြူက ပြောကြားသည်။

အဆိုပါ အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်ရေးဥပဒေကြမ်းသည် မြန်မာနိုင်ငံမှ အမျိုးသမီးများအား အကြမ်းဖက်မှုပုံစံအားလုံးမှ စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲခြင်းဖြစ်ကြောင်း၊ ထိုသို့ရေးဆွဲရာတွင် မိမိတို့နိုင်ငံစနစ်၊ ကိုက်ညီသည့်စနစ်ဖြင့် ကိုက်ညီမှုရှိစေရန် ရေးဆွဲထားခြင်းဖြစ်ပြီး နိုင်ငံတကာမှ ဥပဒေများနှင့် အချက်အလက်များကိုလည်း အထောက်အကူအဖြစ် လေ့လာထည့်သွင်းခဲ့ကြောင်း သုသေတနပြုလုပ်ရာတွင် ပါဝင်ခဲ့သော သုတေသီ Team မှ Miss Stephanie Midma ကပြောကြားသည်။

"ကျွန်မတို့ရဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုမှုက တော်တော်လေးကျယ်ပြန့်ပါတယ်။ အရပ်ထဲမှာ များသောအားဖြင့် နားလည်ထားကြတာက ရုပ်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ရိုက်နှက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ဖြစ်ကြတယ်။ ဒီဥပဒေမှာ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ လွှမ်းမိုးချုပ်ကိုင်မှုသာမက မိမိတို့ရဲ့ ဆန္ဒမပါဝင်စေပဲ၊ သဘောတူညီမှုမပါဝင်စေပဲ ဆန့်ကျင်ဖိအားပေးလုပ်ကိုင်တဲ့ အပြုအမူကိုပါ အကြမ်းဖက်တဲ့ အဓိပ္ပာယ် သက်ရောက်မှုအဖြစ် ပါဝင်ထားပါတယ်" ဟု သုတေသီအဖြစ် ဆောင်ရွက်သူ ဒေါက်တာစန်းရွှေက ပြောသည်။

**သတင်း-မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ-မွန်းဦးနဒီ**



# တင်းနစ်အားကစား တိုးတက်ဖွံ့ဖြိုးရေးအတွက် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တင်းနစ်ကလပ်အသင်းများအားလုံးနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ တင်းနစ်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ မျိုးဆက်သစ်လူငယ်တင်းနစ်အားကစားသမားများ ပိုမိုပေါ်ထွက်လာစေရေး၊ မြန်မာတစ်နိုင်ငံလုံးရှိ တင်းနစ်ကလပ်အသင်းများ စနစ်တကျဖြင့်မှတ်ပုံတင်ရှိစေရေး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးများတွင် ပြည်တွင်းအဆင့်မီပြိုင်ပွဲများကျင်းပပေးနိုင်ရေးအပြင် ကွင်းမှတ်ပုံတင်ခြင်းများကို ရေရှည်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကလပ်အသင်းများဆိုင်ရာညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက်မှ ၉ ရက်အထိ နေပြည်တော် နန်းဝတီဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၂၊ ၀၉-၂၅၄၀၅၁၀၀၅ သို့ဆက်သွယ်မေးမြန်းနိုင်ပြီး တက်ရောက်ကြရမည့်သူများ၏ ကလပ်အသင်းနှင့် အမည်စာရင်းအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အမြန်ဆုံးပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဖယ/ဖ၆၇၅၇ ဟွန်ဒါဝေဗ့် ယာဉ်လက်ဝယ်ရှိသူ မောင်တင်အောင်ဝင်း ၁၃/ညရန(နိုင်)၀၀၃၀၄၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/4562 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



ကြော်ငြာ


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
ASIA HABITAT SOCIETY
"GREEN ASIA HABITAT AWARDS"
ဆုကို GOLDEN CITY မှ ဂုဏ်ယူစွာဖြင့် ရရှိခဲ့ခြင်း
ASIA HABITAT SOCIETY မှ နိုင်ငံတကာလူနေမှုအဆင့်အတန်းစံချိန်စံညွှန်း (၁၅) ချက်ဖြင့်
တင်းကြပ်စွာ စီစစ်တိုင်းတာ၍ ရွေးချယ်ခံရသော မြန်မာနိုင်ငံမှ ပထမဦးဆုံး
"GREEN ASIA HABITAT AWARDS" ဆုကို ဆွတ်ခူးရရှိသည့် စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံ၏
လူနေမှုအဆင့်အတန်းစံညွှန်းကို ထပ်မံအဆင့်မြှင့်တင်လိုက်ခြင်း
လစဉ်အနည်းဆုံး ကျပ်ငွေ (၂၄) သိန်း ပေးသွင်းရုံဖြင့်
နိုင်ငံတကာအဆင့်မီ ကွန်ဒိုကိုပိုင်ဆိုင်ဖို့ အခွင့်အလမ်းပေါ်ထွက်လာပါပြီ
အတိုးမရှိသော (၄၈)လ အရစ်ကျငွေပေးချေမှုစနစ်
Live the Golden city life
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Website: www.glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

# ကျော်ငြာ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးကျော်အေး(ငြိမ်း) (ကြည်း-၁၄၆၀၉)
### လွတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်
### နာယက(ရှင်ရဲထွဋ်-ကုမ္ပဏီများအုပ်စု)
### အသက်(၈၈)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ပင်ကတိုင်းကျေးရွာနေ (ဦးစံကို-ဒေါ်သဲ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ(ဦးဘဖြူ-ဒေါ်မြရွှေ)တို့၏သားသမက်၊ (ဒေါ်တင်တင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သန်းနွဲ့)၊ ဒေါက်တာဦးရဲအောင်(BDS.Ygn)(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်သန်းသန်းငွေ၊ ဦးရဲနောင်(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်စန်းယုမော်၊ ဦးတင်မြင့်(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်ဘေဘီ(ပုလဲဖြူစတိုး)၊ ဦးခင်မောင်စိုး(အင်ဂျင်နီယာ)-ဒေါ်ဘေစီ၊ ဦးမြင့်စိန်(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်ဘေစီနွဲ့၊ ဦးရဲထွဋ်(Chairman ရှင်ရဲထွဋ်ကုမ္ပဏီ) - ဒေါ်ဥမ္မာစိုး(ခ)ဒေါ်မေပုလဲ၊ ဦးအောင်ဆန်းဦး (2nd Shipping Engineer)-ဒေါ်အေမီကျော်အေး(ရှင်ရဲထွဋ်ကုမ္ပဏီ)၊ ဒေါ်သီရိကျော်အေး(ရှင်ရဲထွဋ်ကုမ္ပဏီ)၊ ဒေါ်စုစုစံ(ခ)ဒေါ်တင်မာဝေ(ရှင်ရဲထွဋ်ကုမ္ပဏီ)၊ ဦးရဲကျော်(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်မေမြတ်သူတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၉း၂၀နာရီတွင် ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို(C)ဆောင်၊ (ကိုးလွှာ)၊ အခန်း ၉၀၁၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

တွဲဖက်ပါမောက္ခ ဒေါက်တာဦးအောင်ကျော်ညွန့် (အသည်းအထူးကုဆရာဝန်ကြီး)သည် ၂၄-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှသိန်း(ခ)ဒေါ်သိန်းသိန်း (သိန်းကမ္ဘာပွဲရုံ)
### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ ဦးချစ်ထွန်း-ဒေါ်မြရီ(ခ)ဖွားမေတို့၏သမီး၊ ညောင်လေးပင်မြို့၊ ဈေးအနောက်လမ်း၊ အမှတ် ၁၀၀နေ (ဦးစံလွင်၊ သိန်းကမ္ဘာပွဲရုံ)၏ဇနီး၊ မအိအိစံ၊ မမိမိစံ၊ ကိုကျော်နိုင်ဆွေ-မယုယုစံတို့၏မိခင်၊ မအိန္ဒြာဖူးငုံ၊ မစန္ဒီဖူးငုံတို့၏ဘွားဘွားသည် ၂၃-၂-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## စိုင်းကျော်စွာခင် အသက်(၅၆)နှစ်
### (Matsuda General Services ကုမ္ပဏီဒါရိုက်တာ)
### ယခင် စိန်ဂျွန်း၊ အထက(၁)ကျောင်းသားဟောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၉(ပထမထပ်)နေ ဦးခင်မောင်လေး(ခ)ဖိုးသောကြာ[(ခေတ်+မိုး)၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ နာယက၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း BJA]-ဒေါ်ရီရီသိန်း(ခ)နန်းကြာရီတို့၏စတုတ္ထသား၊ (ဒေါ်သိန်းနု-ဦးဘစိန်)၊ (ဒေါ်သိန်းကြည်-ဦးလှမောင်)၊ ဒေါ်သိန်းသီ-ဦးတင်ငွေတို့၏တူ၊ စိုင်းသူရခင်၊ ဒေါ်နန်းနွယ်နီခင်-ဦးတင်ထွန်းအောင်၊ (စိုင်းအောင်နိုင်ခင်)တို့၏ညီ/မောင်၊စိုင်းခိုင်ဇော်လင်း-ဒေါ်မြတ်နီလာဝင်းတို့၏အစ်ကို၊ နန်းအေးကလျာနိုင်(G6 Beauty Spa)-ကျော်ဇေသောင်း(ပန်းသတင်းဆောက်လုပ်ရေး)၊ စိုင်းမင်းသိန်းကျော်(နည်းပညာတက္ကသိုလ်၊သန်လျင်)၊ စိုင်းမြတ်ကျော်သူ(အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဦးလေး၊ စိုင်းလင်းသန့်ဌေး(Hendrick)၊ နန်းမေမြတ်သဒ္ဒါသန့်တို့၏အဘိုးလေး၊ စိုင်းနန္ဒကျော်စွာ၏ဖခင်သည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့) ည ၈း၀၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ၄း၃၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစံရွှေအောင်
### လဝကမှူး(လဝက-၁၆၆၄)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
### အသက်(၅၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ အမှတ်(၂)နယ်မြေ၊ ဗိုလ်တေဇရပ်နေ (ဦးသိုက်ထွန်း-ဒေါ်လှမေ)တို့၏သား၊ (ဗိုလ်ကြီးခင်မောင်အေး)-ဒေါ်ခင်ဆွေမြင့်၊ ဦးစိန်ဝင်း-ဒေါ်ခင်ဆွေတင့်၊ ဒေါ်ခင်စိုးစိုးတို့၏မောင်၊ ဦးသိန်းထွန်းအောင်၏ညီ၊ တူ၊ တူမ လေးယောက်တို့၏ဦးလေးသည် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) တွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဦးကျော်ဆွေ
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြရတနာလမ်းသွယ်၊ အောင်ဇေယျလမ်းမကြီး၊အမှတ် ၅၉/ခနေ (ဦးရွှေ-ဒေါ်ရီရီ)တို့၏သား၊ ဦးသန်းဝင်း-(ဒေါ်မြသင်)တို့၏သားသမက်၊ ဒေါ်မြမြစိန်၏ချစ်လှစွာသောခင်ပွန်း၊ မရည်မွန်ကျော်-ကိုအာကာအောင်၊ ကိုလွင်ဖြိုးကျော်၊ ကိုမင်းသန့်ဆွေတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မြင့်မြင့်ကြည်၏မောင်၊ ဒေါ်ရင်ရင်အေး-ဦးခင်မောင်ဝင်းတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဘကြီးသည် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဌေးတင်
### အသက်(၇၅)နှစ်

မုံရွာမြို့၊ရတနာပုံရပ်ကွက်၊သာစည်လမ်းနေ (ဦးကြီးလှ-ဒေါ်ချစ်နွဲ့)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ [ဦးတင်စိုး (ဦးစီးအရာရှိ)]-ဒေါ်ခင်မာအေး၊ မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ဇီဇဝါလမ်းနေ ကိုဝင်းဇော်၊ မနီလာဌေး၊ ကိုကျော်စွာလွင်-မသီတာဌေး၊(ကိုဇော်မိုးဌေး)တို့၏ဖခင်၊ မောင်ဟန်ထက်စိုး၊ မောင်အောင်သီဟ၊ မခင်မြတ်နိုး၊ မောင်ဘုန်းသုကျော်၊ မောင်ကျော်စစ်သွေးတို့၏အဘိုး၊ ဒေါ်ခင်ပို (နီလာ ချည်မျှင်စက်)၏ ခင်ပွန်းသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၁၅ရက် ညနေ ၃နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆေးရုံဒါယကာကြီး
## ဦးကြောင်ခ(ခ)ဦးခ(ဝေါမြို့) အသက်(၉၄)နှစ်
### လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)
### နိဗ္ဗာန်ဆိပ်ဦးဓမ္မာရုံဥက္ကဋ္ဌ၊ ဝေါမြို့နယ်အသင်းနာယက

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ တိဿလမ်းမ၊ ရတနာရိပ်သာကျောင်းတိုက်နေ ဦးသောဟန္ဓ၊ ဦးကေသရိန္ဒတို့၏ဦးရီးတော်၊ ဝေါမြို့နေ (ဦးကောက်ခံ-ဒေါ်ရွှေ)တို့၏သား၊ (ဒေါ်သန်းခင်)၏ခင်ပွန်း၊ သနပ်ပင်မြို့နေ (ဦးစိန်မောင်-ဒေါ်ကြင်ဆိုင်)၊ ဝေါမြို့နေ (ဦးကြောင်ရှင်-ဒေါ်ကြင်မွှေး)တို့၏ညီ/မောင်၊ (ဦးကြောင်ချစ်)-ဒေါ်ငွေရင်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ (ဦးကြင်ယုံ)-ဒေါ်တင်တင်ဦး၊ (ဦးမျိုးမြင့်)-ဒေါ်မြင့်မြင့်စန်း၊ Australia နေ (ဦးသက်တင်)-ဒေါ်ရှယ်လီ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်၊ ပဲခူးမြို့နေ ဦးသိန်းဝင်း-ဒေါ်အေးမြင့်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း၊ အမှတ် ၈/၆၇၂နေ ဦးစိန်သင်း(ဝဋ္ဋကြွေးတော်ပြေ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့နာယက၊ ဣန္ဒာဈေးလမ်း၊ တရားပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ၊ မြတ်နိဗ္ဗာန်သစ်ပင်စိုက်ပျိုးလှူဒါန်းရေးဥက္ကဋ္ဌ)-ဒေါ်အေးသီတာနှင့် တူ၊ တူမ ၁၈ယောက်တို့၏ဦးလေး၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာပနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
## ဒေါ်သိန်းခင်(တောင်ကုတ်မြို့) အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ အမှတ် ၂၊ ဦးဥတ္တမလမ်း၊ ကံပိုင်ရပ်ကွက်နေ (ဦးမောင်ကျော်-ဒေါ်ငွေစိန်ဖြူ)တို့၏သမီး၊ (ဦးညီပု-ဒေါ်သွယ်)တို့၏သမီးချွေးမ၊ (ဦးညီလေး)၏ဇနီး၊ ဦးတင်ငွေ-ဒေါ်သိန်းနွယ့်၊ ဦးအောင်သန်း-ဒေါ်တင်တင်၊ ဦးအောင်မြင့်-ဒေါ်ခင်မြင့်ရီ၊ ဦးကျော်သန်း၊ (ဒေါ်သန်းခင်)၊ ဒေါ်ခင်ခင်သိန်း၊ ဦးခင်မောင်ရွှေ-ဒေါ်အေးအေးမူတို့၏မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် တောင်ကုတ်မြို့ လောကသစ္စာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းနု
### B.Ecom (stats) 1971
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊တိုက်အမှတ် ၂၊ ပထမထပ်နေ (ဦးညွန့်မောင်-ဒေါ်ထွေး)တို့၏သမီးကြီး၊ (ဦးထွေး-ဒေါ်ခင်ညွန့်)တို့၏သမီးချွေးမ၊ ဦးတင်ထွန်း(လ/ထညွှန်မှူး၊ ငြိမ်း၊ ဟိုတယ်/ခရီးဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ ကိုသိန်းသန်းလှိုင်၊ ကိုရဲမင်းလှိုင်၊ ကိုမင်းသူထွန်းတို့၏မိခင်သည် ၂၅-၂-၂၀၁၅ရက် နံနက် ၁း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဦးခင်ဆွေ
### ကျန်းမာရေးမှူး(ငြိမ်း)
### အသက်(၈၅)နှစ်

သရက်မြို့နေ (ဦးမောင်မောင်-ဒေါ်စောမြင့်)တို့၏သား၊ (ဦးတင်ဖေ)၏ညီ၊ ဦးပေါ်ထွန်း - ဒေါ်ခင်သန်းမြင့်တို့၏အစ်ကို၊ ဒေါက်တာမောင်မောင်ကြီး-ဒေါ်တင်ဦးဆွေ၊ (ဦးမြဆွေ)-ဒေါ်မေသင်းဆွေ၊ ဦးသူရဆွေ၊ ဦးအောင်ဝင်း-ဒေါ်သက်ထားဆွေ၊ ဦးသန်းထွဋ်-ဒေါ်သီတာဆွေတို့၏ဖခင်၊မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ သဲကုန်းမြို့၊ (၂)ရပ်ကွက်၊ ဆရာအတတ်သင်၂လမ်း၊ အမှတ် ၄၀၅နေ (ဒေါ်ကြည်ကြည်)၏ခင်ပွန်းသည် ၂၅-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သဲကုန်းမြို့ တည်သီးပြင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုံးကြည် (ဆိပ်ခွန်ရွာ)
### အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာနေ (ဦးစံမြိုင်-ဒေါ်သိုက်)တို့၏သမီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ ၂လမ်း၊ အမှတ် ၄၄နေ(ဦးရန်ရွှေ)၏ဇနီး၊(ဦးစိန်ဝင်း)-ဒေါ်ရီရီဝင်း၊ ဒေါ်ညွန့်ညွန့်ကြည်၊ ဦးစိန်မင်း-ဒေါ်အေးအေးမိုး၊ ဦးအောင်လွင် - ဒေါ်သက်သက်ဝေ၊ ဒေါ်တင်တင်စိုး၊ ဒေါ်သီသီမိုး၊ ဒေါ်အေးအေးဝင်း၊ ဦးသန်းသန်းကျော်-ဒေါ်အေးအေးသင်း၊ ဦးသိန်းထူး-ဒေါ်ကြည်ကြည်ထွေးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ဥက္ကာဖြိုး
### (စတုတ္ထနှစ်၊ နည်းပညာတက္ကသိုလ်၊ မုံရွာ)
### အသက်(၂၁)နှစ်

ရန်ကုန်မြို့၊ ဗဟိုလမ်း၊ အမှတ် ၄၄ နေ (ဦးဟန်စိန်)-ဒေါ်လှရီ၊ ကန်တော်ကလေးနေ (ဦးထွန်းမြင့်-ဒေါ်ခင်သန်းမြင့်)တို့၏မြေး၊ မုံရွာမြို့၊ မြို့သစ်ရပ်နေ ဗိုလ်မှူးလေးနိုင်(ငြိမ်း) (လ/ထ ညွှန်မှူး၊ တိုင်းကော်မရှင်၊ စစ်ကိုင်းတိုင်းဒေသကြီး)-ဒေါ်သင်းသင်းမော် [အလပြ(အထက-၂)အလုံတပ်မြို့]တို့၏သား၊ မပပဖြိုး (ဒုနှစ်၊ စီးပွားရေး၊ မုံရွာ)၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးဝင်းနိုင်-ဒေါ်သန်းသန်းဦး၊ ဦးမျိုးမြင့်ဦး-ဒေါ်ဥမ္မာပြုံး၊ ဦးမောင်စိုး - (ဒေါ်ဆန်းဝင်း)၊ ဦးအောင်ကျော်မိုး - ဒေါ်စန်းနွယ် (ကျောက်ပန်းတောင်းမြို့)၊ ဒေါ်သင်းသင်းထွေး (ရွှေတောင်ကုမ္ပဏီ)၊ ဦးကျော်ရှိန်(ကန်တော်ကလေး)တို့၏တူသည် ၂၄-၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် မုံရွာမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြာအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမျိုးညွန့် (ဗဟိုစည်)
### (E/O ကြယ်ငါးပွင့်)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၇၀၅ (ဒုတိယထပ်)နေ (ဦးလူဝ-ဒေါ်ကျင်မှုံ)တို့၏သား၊ ဒေါ်ခင်မာညို(အထက-၂၊ လသာ)၊ ဒေါ်ခင်မာချို (အလက-၁၀၊ အင်းစိန်)တို့၏အစ်ကို၊ ဒေါ်ချိုချို၏ခင်ပွန်း၊ ဦးအောင်သူ-ဒေါ်စုစုတို့၏ဘကြီး၊ ဦးထွန်းလင်း-ဒေါ်ခင်မာခိုင်၊ ဦးဟိန်းအောင် - ဒေါ်ကျော့ကျော့ဖြိုးတို့၏ချစ်လှစွာသောဖခင်၊ မချိုဇင်သန့်၊ မဆုလဲ့ရတနာ၊ မယွန်းဝင့်ထည်၊ မောင်အောင်ခန့်မိုး၊မရှင်းသန့်ယဉ်တို့၏အဘိုးသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးကျော်အေး(ငြိမ်း)
### (ကြည်း-၁၄၆၀၉)
### လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်
### နာယက(ရှင်ရဲထွဋ်ကုမ္ပဏီများအုပ်စု)
### အသက်(၈၈)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ပင်ကတိုင်း ကျေးရွာနေ (ဦးစံကို-ဒေါ်သဲ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ပိန်းကန်ကျေးရွာနေ(ဦးစောထွန်း-ဒေါ်ရီ)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြလမ်း၊ အမှတ် ၂၈နေ ဒေါ်အုံးသန်း(အလပြ၊ ငြိမ်း၊ အထက-၃၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၂၀နာရီတွင် ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို(C)ဆောင်၊ ၉လွှာ၊ အခန်း ၉၀၁၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဒေါ်မြမြ (ပဲခူး)
### အငြိမ်းစားကျောင်းအုပ်ဆရာမကြီး
### (ညောင်ဝိုင်း)
### အသက်(၈၃)နှစ်

ပဲခူးမြို့၊ မြို့သစ်(ခ)ရပ်ကွက်၊ ဘောလုံးကွင်း ၆လမ်း၊အမှတ် ၄/၁၀၅ နေ (ဦးဘသန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးလှဖေ-ဒေါ်ထွားရီ)တို့၏သမီးချွေးမ၊ (ရဲအုပ်ဦးမင်းဟန်)၏ဇနီး၊ ဒေါ်လှလှ၏ညီမ၊ (ဦးစိန်မြင့်)-ဒေါ်မေဦးခင်၊ ဦးသောင်းအောင်-ဒေါ်ကျင်ဝင်းတို့၏အစ်မ၊ ဒေါ်မိုးအေး (လက်ထောက် ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်)၏အဒေါ်၊ ဦးအောင်ချိန် (ညွှန်ကြားရေးမှူး၊ စိမ်း/စို၊ မန္တလေး)-ဒေါ်သီသီဟန်တို့၏မိခင်၊ မောင်ဘုန်းမြတ်သူ(တတိယနှစ်၊ ဓာတုဗေဒ၊ ပဲခူးတက္ကသိုလ်)၊ မောင်ရဲလွင်အောင်(အထက-၃၊ ပဲခူး)တို့၏အဘွားသည် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၆း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်နီနီအေး(ခ)ဒေါ်မြစိန်
### (တောင်သာ/ကျောက္ကာရွာ)
### အသက်(၇၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ ဦးအေးဖေ-ဒေါ်သန်းတို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၉)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ် ၄၂(ခ)နေ ဦးကျော်မင်း၏ဇနီး၊ ဦးထင်အောင်-ဒေါ်မြင့်မြင့်သောင်း၊ ဦးအေးကျော်-ဒေါ်လှလှရီ၊ ဦးလှဝင်းအောင်-ဒေါ်အုန်းမြင့်ကြည်၊ ဦးတိုး-ဒေါ်ခင်မိမိသက်၊ ဦးသန်းဝင်းလှိုင်-ဒေါ်စီစီသန်း၊ ဦးမြင့်အေး-ဒေါ်ခင်မြင့်ရီ၊ ဦးလင်းအောင်-ဒေါ်နွဲ့နွဲ့အေး၊ ဦးမင်းဇော်-ဒေါ်ခင်နှင်းအေးတို့၏အစ်မကြီး၊ ကိုကျော်စိုး-မတင်တင်မင်း၊ ကိုထွန်းထွန်း-မယဉ်ယဉ်ဝင်း၊ ကိုကြည်ငြိမ်း-မသူဇာမင်း၊ ကိုနေမျိုးကျော်-မခင်ကြည် ဖြူ၊ ကိုသူရကျော်-မချိုငြိမ်းဝေတို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၁၅ရက် နံနက် ၆း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၅ရက်နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၉)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ် ၄၂(ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## မိုးကုတ်မြို့နယ်အသင်း
## ဒေါ်ခင်ဝင်းရီ
### အသက်(၆၁)နှစ်

မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ(ဦးဝ-ဒေါ်စောမယ်)၊ (ဦးမြမောင်-ဒေါ်ဖွားရှင်)တို့၏သမီး၊ ဦးဖုန်းမြင့်သောင်း၏ဇနီးသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ/သားများ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပဏ္ဍိစ္စ (မြိတ်)
### သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၃)ဝါ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဝတ်တိုက်ကျောင်းဂိုဏ်းနှင့် ရွှေကျောင်းဂိုဏ်းတို့၏ ဦးစီးနာယကဖြစ်သော သဘွတ်ကျောင်းကြီးတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးသည်(၁၃၇၆ခုနှစ် တပေါင်းလဆန်း ၆ရက်) ၂၃-၂-၂၀၁၅ရက် ညနေ ၅း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၆ရက်) ၂၅-၃-၂၀၁၅ရက်တွင် သဘွတ်ကျေးရွာကျောင်းကြီးတိုက်၌ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။
သဘွတ်ကျေးရွာ
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
## ဒေါက်တာအရှင်ဝိသာရဒ
### (သာသနာ့ဓဇဓမ္မာစရိယ၊ မဟာကျော်၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ) အာဒိကမ္မိက
### M.A (Buddhism), Ph.D
### သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၄၂)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အောက်ကွင်းကျေးရွာ၊ ရွှေကျင်ပြာသာဒ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာ အရှင်ဝိသာရဒ၊ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ဂုဏ်ထူးဝိသိဋ္ဌ အပူဇော်ခံဆရာတော်သည် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁ရက်) ၁၈-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တပေါင်းလပြည့်နေ့) ၄-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါကြောင်း အသင်းဝင်တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးမောင်ဦး(ကြံခင်း) အသက်(၇၈)နှစ်
### လ/ထ ညွှန်မှူး(ငြိမ်း)၊ ကက-ငွေ

ကြံခင်းမြို့နေ (ဦးထွန်းစိန်-ဒေါ်စောရီ)တို့၏သား၊ [ဒေါ်အုန်းကျင် (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)]၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်မျိုးကျော်(ငြိမ်း)-ဒေါ်အေးအေးခိုင်၊ ဗိုလ်မှူးမင်းဦး-ဒေါ်ရှိန်သော်တာစိုး၊ ဒုတိယဗိုလ်မှူးကြီးမင်းခိုင်ထွန်း-ဒေါ်ဆုမွန်ဆန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသိုလ်လမ်း၊ အမှတ် ၃၆၉ နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်တုတ် (ကဒုံကနိ)
### အသက်(၇၈)နှစ်

ကဒုံကနိကျေးရွာနေ(ဦးသောင်းစိန်)၏ဇနီး၊ ဒေါပုံမြို့နယ်၊ စက်ရုံလမ်း၊ ဗမာအေးရပ်ကွက်၊ အမှတ် ၁၇နေ ဦးကျော်ဝင်း-ဒေါ်ခင်ပြုံးရီ၊ ဦးဇော်မြင့်-ဒေါ်ခင်မာချို၊ ဦးဇော်တင့်-ဒေါ်ချိုချိုပြုံး၊ ဒေါ်ခင်ညိုညို၊ ဦးသန့်ဇင်-ဒေါ်ဇင်မာဝင်းတို့၏မိခင်၊ ကိုဇင်ကိုကိုကျော် - မသန်းသန်းနွယ်၊ ဗိုလ်ကြီးကျော်လွင်-မခင်ဇာဖြူပွင့်၊ မငြိမ်းအေးစုစံ၊ မသက်ထားဇင်၊ မယွန်းဝတီဇင်၊ မောင်ဝေယံသန့်ဇင်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Nu Ciin Do Cing
## (Vangteh)
### အသက်(၅၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဗန်းသဲ့ကျင်းကျေးရွာနေ (Pu Cin Khan Nang)-Pi Neng Za Niang တို့၏သမီး၊ (Pa Cin Sian Neek Dal)-Nu Ciin Ngaih Cing,(Pa Do Cin Pau)-Nu Ngoih Sian Dim,Nu Luan Sian Vung-Pa Sut Sian Dal တို့၏ညီမ၊ Nu Awi Sian Zam-Syapi Vum Lian Dal,Nu Luan Zen-Sya Khup Khan Piang,Pa Cin Do Tuang-Daw Than Than Oo တို့၏အစ်မ၊ Nu Zam Ngaih Nem,Nu Awi Lawh Nuam,Pa Thang Lam Tuang တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွား၊ Pa Theu Khua Thang ၏ဇနီးသည် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) ည ၁၀နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(မော်ဘီစက္ကူစက်ရုံဝင်း၊ ရှစ်ခန်းတွဲလိုင်းခန်း၊ အခန်းအမှတ် I-3 နှင့် ဆူးလေဓမ္မာနွေလ ဘုရားကျောင်းရှေ့မှ ကားများ နံနက် ၁၀း၃၀နာရီနှင့်ဝါယာလက်မှ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်ကြင်ဝင်း (ဆင်ဖြူကျွန်း)
### အသက်(၇၄)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ သုံးပင်တောင်ရပ် (ဦးစိန်မောင်-ဒေါ်အေးမေ)တို့၏သမီး၊ ပြန်လွှင့်ရပ်နေ (ဦးဘထွန်း-ဒေါ်စိမ်းရင်)တို့၏ချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)တိုးချဲ့ရပ်ကွက်၊ အမှတ် ၉၈၂နေ (ဦးငွေစန်း)၏ဇနီး၊ ဦးစိုးဝင်း(အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်၊ ငြိမ်း)-ဒေါ်ခင်ဝင်းနွဲ့၊ (ဦးဟန်တင်)-ဒေါ်အေးကြင်၊ (ဦးကိုကိုကြီး-ဒေါ်သန်းသန်း)တို့၏ညီမ၊ ဦးသန်းထွေး(မြန်မာ့ရေနံ၊ ငြိမ်း)၊ ဦးသောင်းညွန့်-ဒေါ်သန်းရီ၊ ဦးမျိုးဝေ-ဒေါ်ခင်မြမြ၊ (ဦးတင်ငွေ-ဒေါ်ကြည်ကြည်သန်း)တို့၏အစ်မ၊ ဦးမောင်မောင်လွင် (လ/ထ ညွှန်မှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်မြသန္တာ၊ ဦးမျိုးမင်းသိန်း-ဒေါ်ငြိမ်းငြိမ်းအေး၊ အုပ်ခွဲတကက စောဝင်းနိုင် (တပ်မတော်-လေ) - ဒေါ်ဇာလီကြည်ဆွေ၊ ဦးစိုးမြင့်ငြိမ်း-ဒေါ်မိုးမိုးအေး၊ ဦးအောင်မျိုးကျော် (Free Birds Agency) - ဒေါ်ပွင့်မာဦး (MRTV)၊ ဦးကောင်းမြတ်သူ (Free Birds Agency)-ဒေါ်မြတ်မိုးသူဇာ၊ဦးအောင်ကျော်ဦး - ဒေါ်သဲနုဝင်း (MRTV)၊ ဗိုလ်ကြီးအောင်မျိုးထွေး(ငြိမ်း)-ဒေါ်နန်းနှင်းမြမြအေးတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်တို့၏ အဘွားသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအာဂုလန်ဒူ(ခ)ဦးကိုကို
### (မြန်မာ့မီးရထား၊ EIC ငြိမ်း)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၀၂၊ အခန်း (D)နေ (ဦးတာပေထူး-ဒေါ်ကြည်)တို့၏ သား၊ ဒေါ်စီစီလွင်၏ခင်ပွန်း၊ မောင်ညီညီလွင်-မဌေးဌေးမြင့်၊ မညီညီလွင်တို့၏ဖခင်သည် ၂၄-၂-၂၀၁၅ရက် ညနေ ၄း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် စိမ့်အန်ထော်ရီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (စိမ့်အန်ထော်နီ ဘုရားရှိခိုးကျောင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြဿနာတစ်ခုဖြစ်တိုင်း ကိုယ့်နိုင်ငံအတွင်းမှာ ဖြေရှင်းဆောင်ရွက်ရုံနဲ့မပြီးဘဲ ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ရင်ဆိုင်ဖြေရှင်းနေရတဲ့အတွက် တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို များစွာထိခိုက်စေပြီး တိုင်းပြည်အတွက် အခွင့်အလမ်းများလည်း နစ်နာဆုံးရှုံးစေခဲ့ပါတယ်။ အချို့ကလည်း ပြဿနာတစ်ခုဖြစ်လာရင် အမြန်ငြိမ်းအေးအောင် ပူးပေါင်းဆောင်ရွက်ကြရမည့်အစား ပြဿနာပိုမိုကြီးထွားအောင် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ၊ ကိုယ်တိုင်ပါဝင်လုပ်ဆောင်မှုများ ရှိကြတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

**ဗန်ကောက် ဖေဖော်ဝါရီ ၂၅**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီးလည်ပတ်ရန် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၇ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗန်ကောက်မြို့ရှိ အစိုးရဧည့်ဂေဟာ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ်

*စာမျက်နှာ ၃ ကော်လံ ၅*

# ကိုးကန့်သောင်းကျန်းသူအဖွဲ့များက ကုန်းကြမ်းမြို့ရှိ တပ်ရင်းဌာနချုပ်နှင့် လောက်ကိုင်မြို့တွင်းသို့ အဝေးမှ နှောင့်ယှက်ပစ်ခတ်၊ ကုန်းကြမ်း-လောက်ကိုင်ကားလမ်း မိုင်တိုင်(၂၃)အနီးရှိ တောင်ကုန်းအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်းမြို့တွင်ရှိသော နယ်မြေခံတပ်ရင်း ဌာနချုပ်အား ဖေဖော်ဝါရီ ၂၄ရက် ညပိုင်းတွင် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့မှ ဒုံးပစ်လောင်ချာ၊ လက်နက်ငယ်များဖြင့်အဝေးမှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ရာ တပ်ရင်းဌာနချုပ်မှ ပြန်လည်ပစ်ခတ်ခဲ့သဖြင့် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ထိုသို့ပစ်ခတ်မှုကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

လောက်ကိုင်မြို့ပတ်ဝန်းကျင်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းက ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် လောက်ကိုင်မြို့၏အနောက်ဘက် ၂ မိုင်ခန့်အကွာ၌ ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကိုးကန့်သောင်းကျန်းသူများထံမှ အမ်(၂၂) တစ်လက်၊ ကျည် ၂၆ တောင့်နှင့်ကျည်အိမ် တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူအဖွဲ့များသည် လောက်ကိုင်မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ကိုးကန့်သောင်းကျန်းသူများက လောက်ကိုင်မြို့မြောက်ဘက်ရှိ စီအောကျေးရွာဘက်မှ လောက်ကိုင်မြို့တွင်းသို့ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်၏

*စာမျက်နှာ ၁၂ ကော်လံ ၁*

# AFC Cup ပြိုင်ပွဲအဖွင့်ပွဲတွင် ရတနာပုံအသင်းရှုံးပွဲကြုံတွေ့

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

၂၀၁၅ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု(ဆ) အဖွင့်ပွဲစဉ်ဖြစ်သည့် ရတနာပုံ (မြန်မာ)နှင့် ပါဟန်း(မလေးရှား) အသင်းတို့သည် ယနေ့ညနေ ၄ နာရီက မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**ပါဟန်း(မလေးရှား) - သုံးဂိုး**
**ရတနာပုံ(မြန်မာ) - နှစ်ဂိုး**

အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့်တွင် အိမ်ကွင်း၌ ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့သည့် ရတနာပုံအသင်းသည် ယခု AFC Cup ပြိုင်ပွဲအဖွင့်ပွဲတွင်လည်း အိမ်ကွင်း၌ပင် ထပ်မံရှုံးနိမ့်ခဲ့ရသည်။ နိုင်ငံခြားသားကစားသမားနှစ်ဦးနှင့် လမ်းခွဲပြီးနောက်ပိုင်း ဒဏ်ရာရကစားသမားများပြားလာသည့် ရတနာပုံအသင်းသည် ယခုပွဲတွင် လူစုံအသုံးပြုနိုင်ခြင်းမရှိ၍ အားပျော့ခဲ့ရသည်။

ရတနာပုံအသင်းသည် နိုင်ငံခြားသားကစားသမားအဖြစ် မက်ဆီမင်တစ်ဦးတည်းသာပါဝင်ခဲ့ပြီး သီဟစည်သူ၊ ရန်ပိုင်၊ ဇော်လင်းထွန်းတို့ ဦးဆောင်ကာ လူငယ်ကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက ပါဟန်းအသင်းက ရတနာပုံအသင်းဘက်ကို ဖိကစားနိုင်ခဲ့ပြီး ဟက်ပီးနက်စ် မပါဝင်နိုင်သည့် ရတနာပုံနောက်တန်းအမှားများခဲ့သည်။ ယခုပွဲတွင် ရတနာပုံခံစစ်ကို ဒုက္ခပေးနိုင်ခဲ့သည့် တိုက်စစ်မှူး အမ်ဝါကီမီက ၅ မိနစ်နှင့် ၁၂ မိနစ်တွင် နှစ်ဂိုးဆက် သွင်းယူပေးခဲ့သည်။ ပွဲအစပိုင်းတွင် နှစ်ဂိုးဆက်ပေးခဲ့ရသည့် ရတနာပုံအသင်း မိနစ် ၂၀ နောက်ပိုင်းမှ ကစားကွက်ပြန်တည်ငြိမ်လာပြီး ၄၁ မိနစ်တွင် ဇင်မင်းထွန်း၏ကန်ချက် ပါဟန်းနောက်ခံလူနှင့်ထိဝင်သွား၍ ရတနာပုံချေပဂိုးစရခဲ့သည်။

ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင်လည်း ချေပဂိုးရရှိရန် တရစပ် တိုက်စစ်ဆင်ခဲ့ပြီး ၅၄ မိနစ်တွင် ပယ်နယ်တီ ကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ဖျက်ထုတ်ခဲ့သော ခါမေးလ်မှာ

*စာမျက်နှာ ၁၁ ကော်လံ ၆*




ရတနာပုံအသင်းနှင့် ပါဟန်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။


## CLAIMS DAY NOTICE
## M.V MAKASSAR HIGHWAY VOY:NO(151A)

Consignees of cargo carried by M.V MAKASSAR HIGHWAY VOY: NO(151A) are here by notified that the vessel will arrive on about 2-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း